CBCM



CBCM **Herald**

အတွဲ(၁)၊အမှတ်(၄)

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

## ကက်သလစ်ဆရာတော်ကြီးများရုံးချုပ်
## လူထုဆက်သွယ်ရေး

cbcmosc@gmil.com

ဂ၉၅ ၁ ၅၂၅၈၀၈



ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ ဆုတောင်းရာရက် (စာ-၅)



အပြည်ပြည်ဆိုင်ရာကိုယ်တော်မြတ်ပွဲ(စာ-၃)







သမိုင်းမှတ်တိုင်(၁၅၀)(စာ- ၆)





ကြို့ပင်ကောက်
နှစ်(၁၀၀)ပြည့်
(စာ-၇)

မနောမြေမှ
စိန်ခေါ်သံ
(စာ-၈)



## ပုပ်ဖရန့်စစ်အရှင်သူမြတ်၏ ပုံရိပ်များ



ကက်သလစ် သာသနာတော်၏ သာသနာ့ဦးသျှောင် ပုပ်ရဟန်း မင်းကြီး ဖရန်စစ်သည် ၂၀၁၆ခုနှစ် ဇန်နဝါရီ(၁၇)ရက်တွင် ရောမမြို့ရှိ ပင်မ ရဟူဒီ (ဂျူး)ကျောင်းတော်သို့ အလည်အပတ် သွားရောက်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ သွားရောက်လည်ပတ်မှုမှာ ပင်မရဟူဒီ (ဂျူး) ကျောင်းတော်သို့ သွား ရောက် လည်ပတ်သည့် တတိယမြောက် ပုပ်ရဟန်း မင်းကြီးအဖြစ် သမိုင်းတွင် ကမ္ဘည်းမှတ်တမ်းတင်နိုင်ခဲ့ကြောင်းရောမမြို့မှဓါတ်ပုံဆရာPaul Haring ၏ သတင်းပေးပို့မှုအရ သိရှိရသည်။




ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည်လွန်ခဲ့သော (၂၀.၁.၂၀၁၆)နေ့က မူဆလင် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကိုလက်ခံတွေ့ဆုံ၍အဆိုပါ ကိုယ်စားလှယ် အဖွဲ့၏ အမှတ်တရ ပေးအပ်သော လက်ဆောင်များနှင့်အတူ ရောမရှိ ဗလီကျောင်း တော်သို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားခြင်းကို ခံခဲ့ရသည်။ အဆိုပါ မူဆလင်ကိုယ်စားလှယ်အဖွဲ့၌ (imam Yahya Pallavicini from COREIS (The Islamic Community of Italy) and Abdellah Redouane, the director of the Islamic Cultural Centre of Italy)တို့ ဦးဆောင်သော မူဆလင်ကိုယ်စားလှယ်အဖွဲ့ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး သည် ဖိတ်ကြားချက်အပေါ် လေ့လာ၍ဆုံးဖြတ်ချက်ချမှတ် သွားမည်ဖြစ်ပြီး သွားရောက်တွေ့ဆုံမည့်ရက်ကိုမူ သတိထားလျက်သတ်မှတ် သွားမည်ကို အဆိုပါတွေ့ဆုံမှုနောက်တွင် ဗာတီကန် သတင်းထုတ် ပြန်ရေး ဒါရိုက်တာ ဘုန်းတော်ကြီးဖြစ်သည့် Father Federico Lombardiမှ ကြေငြာခဲ့သည်။
(ဗာတီကန်ရေဒီယိုအင်္ဂလိပ်ဘာသာအစီအစဉ်)

## ပုပ်ဖရန့်စစ် နှင့် ဒုတိယမြောက်မော်နကိုအိမ်ရှေ့မင်းသားတွေ့ဆုံ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နေ့တွင် ဒုတိယမြောက် မော်နကို Monaco အိမ်ရှေ့မင်းသား Albert အဲလ်ဘတ်နှင့် ဇနီး မင်းသမီးချယ်လင်း Charlene တို့ အား လက်ခံတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

အိမ်ရှေ့မင်းသား အဲလ်ဘတ်သည် ဗာတိကန်ဝန်ကြီးချုပ် ကာဒီနယ် ပီရက်ထရိုပယ်လိုရင်း၊ ဗာတိကန် နိုင်ငံခြား ရေးဝန်ကြီး ကာဒီနယ်လ် Pietro Parolin၊ အာ့ချ်ဘိရှော့ ပေါလ်ရစ်ချက် ကာလန်ဟာတို့နှင့် လည်း ဆက်လက် တွေ့ဆုံခဲ့သည်ဟု သိရသည်။အရှင်သူမြတ်နှင့် မော်နကို အိမ်ရှေ့ မင်းသားတို့၏ တွေ့ဆုံမှုသည် လိုက်လှဲပျူငှာသည့် တွေ့ဆုံမှုဖြစ်ပြီး သမိုင်းတွင်မော်နကိုနှင့် ဗာတိကန် အကြား ကောင်းမြတ်သည့် ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည် ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဗာတိကန်မီဒီယာများမှတဆင့် သိရှိရသည်။ အဆိုပါတွေ့ဆုံမှုတွင် လူသားများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ လူသား အကျိုးပြုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတကာ အဖွဲ့အစည်းနှင့် ပတ်သက်သည့်




ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ရွှေ့ပြောင်းနေထိုင်သူများ အရေးစသည့်ကိစ္စများ ပြောဆိုခဲ့ကြောင်းကိုလည်းသိရသည်။

မော်နကိုအိမ်ရှေ့မင်းသားသည် ၎င်းယူဆောင်လာသည့် သစ်သီးခြင်းနှင့် နိုင်ငံအတွင်းနိုင်ငံထုတ် Laudato si' စာအုပ်နှင့် ဆွဲပြားတို့ကိုအရှင်သူမြတ်ထံ လက်ဆောင်အဖြစ် ဆက်သခဲ့ပြီး အရှင်သူမြတ် ပုပ်ဖရန်စစ်ကလည်း Evangelii gaudium စာအုပ်နှင့် ပုပ်ရဟန်းမင်းကြီးတံဆိပ်တော်ဆွဲပြားတို့ကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း ဗာတိကန်ရေဒီယိုမှ သိရသည်။

## ဆင်းရဲသားများအား သတင်းကောင်း ကြေငြာရန်

(၂၀၁၆)၊(ဇန်နဂါရီ)လ(၂၄) ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က ဧဝံဂေလိကျမ်းစာတော်မြတ်မှ ခရစ်တော်သည်မိမိ၏ဇာတိ နာဇရက် တရားဇရပ်တွင်ဟောကြား ခဲ့ခြင်းကို ထောက်ရှုကာမြွက်ကြားခဲ့ပါသည်။

သခင်ခရစ်တော်၏အပေါ် သို့ဂိညာဉ်တော်မြတ် ဆင်း သက်ကြောင်း၊ဆင်းရဲသား တို့အား သတင်းကောင်းကိုဟေငှရန် ဘုရားရှင်၏ ဘိသိတ်ခံရသူဖြစ်ကြောင်း မြွက်ကြားခဲ့၍ သခင်ခရစ်တော်ကိုယ်တော်တိုင်နှင့်ကြားရသူအပေါင်းအားထိုနေ့ တွင် ပရောဖက်၏ ဟောကိန်းများပြည့်စုံပြီဖြစ်ကြောင်းကို မြွတ်ကြားခဲ့ကြောင်း၊ ထို့ကြောင့်ကျွန်ုပ်တို ့အားလုံး၏သာသနာလုပ်ငန်း၊အသင်းတော်ကြီး၏သာသနာ လုပ်ငန်းသည် ဆင်းရဲသားတို ့ထံသတင်းကောင်းကိုယူဆောင်ပေးရန် ဖြစ် ကြောင်း ဆင်းရဲသားများထံ သတင်းကောင်းကို သယ်ဆောင်ခြင်းဆိုသည်မှာ လူမှုရေးအကူအညီများပေးခြင်းမဟုတ် ဧဝံဂေလိကျမ်းစာတော်မြတ်၏ ခွန်အား ကျေးဇူးတော်နှင့် ချစ်ခြင်း မေတ္တာအားဖြင့်၊ လူသားများ၏နလုံးသားကိုပြောင်းလဲ ပေးရန်နှင့် ထိခိုက်အနာတရဖြစ်နေသူများအားကုသခြင်းပေးရန်တို့ ဖြစ်ကြောင်း မြွက်ကြားရင်းသခင်ခရစ်တော်ပေးသနားခဲ့သောသနားကြင်နာခြင်းကိုခရစ်ယာန် အဖွဲ့အစည်းတစ်ခုလုံးက ခိုင်မာသည့်သက်သေခံခြင်းကို ပြုလုပ်နိုင်ကြရန် မယ်တော်ထံသို ့ဆုတောင်းကြရမည်ဟု မြွက်ကြားခဲ့သည်။ (ဗာတီကန်ရေဒီယို)

# (၅၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ်စက္ကရ်မင်တူး ညီလာခံဖိလစ်ပိုင်တွင်ကျင်းပ

(၅၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ်စက္ကရ်မင်တူး ညီလာခံကို ဖိလစ်ပိုင်နိုင်ငံ Cebuမြို့တွင် (၂၀၁၆)ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်နေ့ အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ်စက္ကရ် မင်တူးညီလာခံဆိုသည်မှာ ပုပ်၊ ကာဒီနယ်များ၊ ဆရာတော်များ ၊ ဘုန်းတော်ကြီးများ(clergy)၊ သူတော်စင်များ ဘာသာဝင်တို့သည် ကိုယ်တော်မြတ် စက္ကရ်မင်တူးတွင် ယေဇူးခရစ်တော်စင်စစ် ကိန်းဝပ်စံပယ်လျက်ရှိကြောင်းကို သက်သေခံ ဝတ်ပြု ကိုးကွယ်သည့် အခမ်းအနားဖြစ်ပြီး အဆိုပါ ပွဲတော်ကို (၄) နှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်း သိရှိရသည်။

(၅၁)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ် စက္ကရ်မင်တူး ညီလာခံ၏ ဦးတည်ချက်မှာ "သင်တို့၌ တည်သော ခရစ္စတူးသခင်၊ ကျွန်ုပ်တို့မျှော်လင့်ခြင်း၏ ဘုန်းတန်ခိုးတော်" "(Christ in you, Our hope of Glory)ဟူ၍ ဖြစ်သည်။

အဆိုပါ စကားရပ်ကို အောက်ပါကျမ်း ပိုဒ်တို့မှ (Colossians၁း၂၄-၂၈)ကို အခြေခံထားကြောင်း ကိုလည်း သိရသည်။

"ငါပေါလုသည် ထိုတရားကိုဟောသော ဆရာဖြစ်သည်နှင့် သင်တို့အဖို့ အလို့ငှာ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍ ခရစ်တော်၏ဆင်းရဲဒုက္ခ အကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ် တော်အဖို့ အလို့ ငှာ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏။ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက် ရှိသော်လည်း ယခုတွင် သန့်ရှင်းသူတို့အား ဖော်ပြသော နက်နဲရာ တည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရား တော်ကို အကုန်အစင် ဟောပြောစေခြင်းငှာ သင်တို့အကျိုးကိုထောက်၍ ငါ့အား အပ်ပေး တော်မူသော ဘုရားသခင်၏ သာသနာတော်နှင့် အညီ ငါသည် အသင်းတော်၌ ဓမ္မဆရာ(အမှုတော်ဆောင်)၏ အဖြစ်သို့ ရောက်ရပြီ။ တစ်ပါး အမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့် ဆိုင်သော မဟာ စည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည်သိစေ ခြင်း ငှာ ဘုရားသခင်အလိုရှိတော် မူ၏။ ထိုစည်းစိမ်ကား ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌ တည် တော်မူသော ခရစ်တော်ပေတည်း။ ခရစ်တော် အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်း တို့ကို ဆက်သ အံ့သောငှာ ငါတို့သည် လူခပ်သိမ်းတို့ကိုသတိပေး၍ ပညာအမျိုးမျိုး နှင့်ဆုံးမ သွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြောကြ၏။ ထိုသို့သော အလို့ငှာ ငါသည် အမှုဆောင်ရွက်၍ ငါ၌ တန်ခိုးတော်ပြုပြင် အားထုတ်တော်မူသည်အတိုင်းကြိုးစားအား ထုတ်လေ့ရှိ၏။

ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်စစ်က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ဖိလစ် ပိုင်နိုင်ငံ Cebu မြို့တွင် ကျင်းပသည့် (၅၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ် စက္ကရ် မင်တူးညီလာခံပွဲတော်သို့ မြန်မာနိုင်ငံ၏ ကာဒီနယ်ချာလ်းစ်ဘို(SDB)ကို ခန့်အပ်ထားသည်။ကာဒီနယ်အားအနီးကပ်ကူညီမှုများပြုနိုင်စေရန်ဘုန်း တော်ကြီး Dominic Bar Bu နှင့်ဖိလစ်ပိုင်နိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ၏ အထွေထွေအတွင်းရေးမှူး ဘုန်းတော်ကြီး Marvin Mejia တို့ကိုလည်း တရားဝင်ခန့်အပ်ထားကြောင်း သိရှိရသည်။

(၅၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကိုယ်တော်မြတ်ပွဲတော်ကြီးကို စတင်ကျင်းပနေပြီဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့တွင် စုရုံးရောက်ရှိ နေသော ဖိလစ်ပိုင်ဆရာတော်ကြီးများအား နည်းလမ်း သစ်များ ရှာဖွေကာ ဘုရားရှင်၏ သနားကြင်နာခြင်း ဘုန်းတန်ခိုးတော်ကို ကြေညာ သက်သေ ခံကြပါဟုပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်ကဖိလစ်ပိုင် ဆရာတော်ကြီး များထံ ပေးပို့ခဲ့သည့် စာချွန်တော် ၌ ဖိတ်ခေါ်လိုက်ကြောင်းကိုလည်း သိရှိရသည်။ဘုရားရှင်၏အဆုံးမရှိသောချစ်ခြင်းမေတ္တာတော်ကို လူသားအားလုံး အတွက် အသင်းတော်ကြီးက ဖြန့်ဝေပေးရန် လိုအပ်ကာ ယခုလို သနားကရုဏာဂျူဗလီနှစ်မှာ၊ကျွန်ုပ်တို့၏ဘဝထဲတွင်ဖခမည်းတော်ဘုရား၏ အကျိုး သက်ရောက်စွာဖြင့် ဆောင်ရွက်တော်မူသည့် လက္ခဏာတို့ကို အသေအချာ စူးစိုက်ကြည့်ရှု နိုင်စေရန် ကျွန်ုပ်ဆုတောင်းကြောင့် အရှင်သူမြတ်ပုပ်ဖရန်စစ်ကမိန့်ကြားသည်။(CBCM-osc)

## သူတော်မြတ် Blessed Pier Giorgio Frassati ၏ဓါတ်တော်ကို ခရက်ကောင်းသို့ သယ်ဆောင်မည်

၂၀၁၆ ခုနှစ်အတွင်း ပိုလန်နိုင်ငံ ခရက်ကောင်းမြို့ တော်တွင် ကျင်းပမည့် ကမ္ဘာ့လူငယ်များနေ့ပွဲသို့ သူတော်မြတ် Pier Giorgio Frassati ၏ ဓါတ်တော်ကို သယ်ဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

သူတော်မြတ် Pier Giorgio သည် ၁၉၂၅ ခုနှစ်၊ သက်တော် (၂၄)နှစ်တွင် ပျံလွန်တော်မူခဲ့ပြီး၁၉၉၀ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူးမှသူတော်မြတ်အဆင့်သို့တင်မြောက်ပေးခဲ့ခြင်းဖြစ်သည်။ အရှင်သူမြတ်ပုပ်ဖရန်စစ်က (၂၀၁၆)ခုနှစ် ကမ္ဘာ့လူငယ်များနေ့တွင် လူငယ်များကသူတော်သူမြတ်အား အတုယူနိုင်စေရန် အဓိကရည်ရွယ် သည်ဟု ထည့်သွင်း မြွက်ကြား ခဲ့ကြောင်း၊ ၊ သူတော်မြတ် Pier Giorgio Frassati သည် သနားကြင်နာခြင်းနှလုံးသားနှင့် ပြည့်ဝသူဖြစ်ကာ၊ သနားကြင်နာခြင်းနှလုံးသားနှင့်ပြည့်ဝသူဖြစ်သလိုနွမ်းပါးသူများကိုမည်ကဲ့ သို့သနားကြင်နာခြင်းပြသရမည်ကိုသိသူဖြစ်ကြောင်း၊ပစ္စည်းဥစ္စာပေးကမ်း ခြင်းထက် ၎င်း၏ အချိန်၊ စွမ်းရည်နှင့် နွမ်းပါးသူတို့အားနားထောင်ပေးခြင်း၊ သူတို့၏ အကြား၌တိတ်ဆိတ်စွာဖြင့်အစေခံခဲ့သူဖြစ်ကြောင်း၊သူတော်မြတ် Pier Giorgio Frassati သည် သမ္မာကျမ်းစာ၏ သွန်သင်ချက် များကို လိုက်နာကာ ၎င်း၏ပေးကမ်းမှုများကို လူသူမသိစေဘဲ လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်းကိုလည်း မြွက်ကြားခဲ့သည်။



ဆက်လက်၍ သူတော်မြတ် Pier Giorgio Frassati ၏ ရုပအန အခမ်းအနားတွင် ၎င်း၏ကျန်ရစ်သူမိသားစုများကိုအံ့အားသင့်စေသည်မှာ သူ၏ရုပအနသို့ဆင်းရဲနွမ်းပါးသူအမြောက်အများလာရောက်ဂါရဝပြုခဲ့ကြ သလို ဆင်းရဲသားများမှာလူငယ်အရွယ်သူတော်သူမြတ်၏မိတ်ဆွေအဖြစ် လက်ခံခြင်းကိုခံခဲ့ကြရသူများဖြစ်ပြီးအကူအညီရရှိခဲ့ကြသူများလည်းဖြစ် ကြောင်း အရှင်သူမြတ်ပုပ် ဖရန်စစ်က မြွက်ကြားခဲ့သည်။၂၀၁၆ ခုနှစ် ကမ္ဘာ့လူငယ်များနေ့အတောအတွင်းသူတော်မြတ်Blessed Pier Giorgio Frassati၏ဓါတ်တော်မှာခရက်ကောင်းမြို့ တော်ရှိဒေါ်မိနိကန်ရသေ့များ၏ ဘုရားကျောင်းဖြစ်သော Holy Trinity Basilica ကျောင်းတော်ကြီးသို့ သယ်ဆောင်ထားရှိမည်ဖြစ်ကြောင်းဗာတီကန်ရေဒီယို သတင်းများ အရ သိရှိရသည်။

## ထိုင်ဝမ်သံတမန်ခန့်အပ်လွှာ ပုပ်ဖရန်စစ်ထံသို့ ပေးပို့

Mr. Matther Lein က ဗာတီကန်နိုင်ငံအတွက် ထိုင်ဝမ်နိုင်ငံ၏ သံအမတ်အဖြစ် ခန့်အပ်လွှာကို ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်ထံ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့က ပေးအပ်ခဲ့သည်။

ထိုင်ဝမ်နိုင်ငံ၏သံတမန် Matthew Lien သည် ၁၉၆၅ခုနှစ် မေလ ၁၀ ရက်




တွင် ကယ်လီဖိုးနီးယား ပြည်နယ် ဆန်ဒီယေးဂိုးတွင် မွေးဖွားခဲ့ပြီး သူ (၁၀)နှစ်သားအရွယ်ကတည်းက Piano ကို ကောင်းမွန်စွာတီးနိုင်ရုံသာမက တေးသံသွင်းခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို စတင်ကာ တေးရေး၊ တေးဆို အနုပညာရှင်တစ်ဦးအဖြစ်လည်း ထင်ရှားသည်။

၄င်းမှာ သဘာဝပတ်ဝန်းကျင်နှင့် ဓလေ့ရိုးရာ ထိန်းသိမ်းခြင်းဆိုင်ရာ ဘဂအလှူမမ္ဘတေးများ ကိုလည်း ဖွဲ့ဆိုခဲ့ကြောင်း သိရှိရသည်။

(Vatican Radio)

## အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အင်ဒိုနီးရှား ဆရာတော်များ ကြေညာချက်ထုတ်ပြန်



ဂျာကာတာမြို့၏ အလယ်ဗဟိုတွင် ဇန်နဝါရီ ၁၄ရက်ကဖြစ်ပွားခဲ့သည့်လူ့အသေအပျောက်နှင့်ထိခိုက်မှုရှိခဲ့သည့်အကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ဂျာကာတာဂိုဏ်းချုပ်ဆရာတော်နှင့် အင်ဒိုနီးရှားဆရာတော်ကြီးများ အဖွဲ့ချုပ်၏ နာယက ဆရာတော် Ignatius Suharyo Hardijoatmodjo က နိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံ နှင့် အတူအကြမ်းဖက် တိုက်ခိုက်မှုကို ဆန့်ကျင်ကြောင်း ကြေငြာ ချက်ထုတ် ပြန် မိန့်ကြားသည်။

လူ့အသက်သေဆုံးခဲ့ရသည်အထိ ဖြစ်ပွားခဲ့သော အကြမ်းဖက်လုပ်ရပ်ကို မည်သည့်ဘာသာမျှလက်ခံမည်မဟုတ်ဘဲ၍တိုက်ခိုက်မှုကိုအမြန်ဆုံးပြန်လည်တုန့်ပြန်ရန် တိုက်တွန်းခဲ့သကဲ့သို့ အစိုးရအနေဖြင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိသည့် အသိုင်းအဝန်းတစ်ခုကို တည်ဆောက်သင့်ကြောင်းကိုလည်း ဆရာတော်က မိန့်ကြားခဲ့သည်။

ကွယ်လွန်သွားသူတို့အတွက်သော်လည်းကောင်း၊ ထိခိုက်ခံစားနေရသော မိသားစုဝင်များအတွက်သော်လည်းကောင်း၊ထိတ်လန့်ကြောက်ရွံ့နေသော သူများအတွက်သော်လည်းကောင်း၊ဘာသာပေါင်းစုံ စုဝေးဆုတောင်းပွဲ အခမ်းအနားတွင် ယခုကဲ့သို့ မိန့်ကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါစုဝေးဆုတောင်းပွဲသို့ လူပေါင်းတစ်သောင်းကျော်တက်ရောက်ခဲ့သလိုအသွင်ကွဲပြားစွာဖြင့်စည်းလုံးခြင်းမှာ အင်ဒိုနီးရှား၌ အမှန်တကယ်ရှိ နေကြောင်းကိုလည်း အင်ဒိုနီးရှားနိုင်ငံမှ သာသနာရေးဝန်ကြီး Lukman Hakim Saifunddin က ပြောကြားထားသည်။(ကိုပိုက်)

## ပထမဦးဆုံးကက်သလစ်ဒုသမ္မတရွေးကောက်တင်မြှောက်ပြီ




ကူးစက်ရောဂါ ကုသရာထွင် နာမည်ကျော်ကြားသည့် Chen Chien-jen မှာ ထိုင်ဝမ်နိုင်ငံ၏ပထမဦးဆုံးသောကက်သလစ်ဒုသမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံခဲ့ရကြောင်း သိရှိရသည်။

ကူးစက်ရောဂါကုသရာတွင် အလွန်လူသိများလှ၍ ဇန်နဝါရီလ(၁၆)ရက်က ကျင်းပခဲ့သည့်ဒုတိယသမ္မတရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အသက်(၆၄)နှစ်ရှိပြီဖြစ်သည့် ၄င်းမှာ ၂၀၁၀ ခုနှစ်၌ A Knight of the Order of Holy Sepulchre နှင့် ၂၀၁၃ ခုနှစ်တွင် A Knight of the Order of St. Gregory the Great ဂုဏ်ထူးဆောင် ဘာသာရေး ဘွဲ့ကို ရရှိထားသည့် ဘာသာတရားအလွန်ကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်သည်။

ကျွန်းစုများရှိ ကက်သလစ်ဘာသာဝင်တို့၏ တို့၏အရေးကို ၄င်းမှ ဖော်ဆောင် ပေးနိုင်လိမ့်မည်ဟု ဒေသခံများက မျှော်လင့်နေကြသည်။

ခရစ်ယာန်တို့၏စံတန်ဖိုးများကို ဖော်ထုတ်ခြင်းဖြင့် အာဏာပိုင်များနှင့် ချိတ်ဆက်ကာလူ့အခွင့်အရေးဆုံးရှုံးနေကြသူများအတွက်လုပ်ရေးကိစ္စများကို လုပ်နိုင်လိမ့်မည်ဟု မျှော်လင့် ကြောင်းကိုလည်း သိရသည်။ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့်လည်း ရုပ်ပွဲရာဖွေရေးပွဲများ၌ သူ့အားဖိတ်ကြား၍ မိန့်ခွန်းများ ဟောပြောခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း၊ ထိုင်ဝမ်၌ ကက်သလစ်လူဦးရေ(၂၇၀၀၀၀)သာရှိ၍ အလွန်နည်းပါးကြောင်း၊ နိုင်ငံရေးပါတီများမှာသံတမန်အရေးမှလွဲ၍ သာသနာအပေါ် စိတ်ဝင်စားမှု နည်းပါးကြောင်း လက်ရှိတွင် ထိုင်ဝမ်အနေဖြင့် သံတမန်အရေးကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နေရကြောင်း၊ ဤကိစ္စများ၌ သာသနာအနေဖြင့် ဝင်ရောက် ပေါင်းကူးပေးနိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပါတီအနေဖြင့် အင်အားကြီးသော ကွန်မင် တန်ပါတီကို အပြတ်အသတ်အနိုင်ရခြင်းမှာနိုင်ငံ၏အပြောင်းအလဲတစ်ခုဖြစ်ကြောင်းကိုလည်း သိရသည်။

ဆက်လက်ပြီး ကွန်မင်တန်ပါတီကို ထောက်ခံသူများမှာ အချို့ မဲမထည့်ခဲ့ကြသူများရှိသလို အချို့မှာ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပါတီအား မဲထည့်ခဲ့ကြောင်း၊ သို့သော် လက်ရှိအနိုင်ရပါတီ အနေဖြင့် လည်း အာဏာလွှဲအပ်ပြီးနောက်ယခင်ကဲ့သို့အကျင့်ပျက်ခြစားမှုများ ရှိလာပါကအရေး ယူမည် ဖြစ်ကြောင်း၊ မည်သည့်ပါတီအနိုင်ရစေကာမူ အရေးကြီးသည်မှာ ပြည်သူတို့၏ဆန္ဒကို အတတ်နိုင်ဆုံး ညှိနှိုင်းလုပ်ဆောင်ခြင်းသည်သာ အောင်မြင်မှုကို ရေရှည်ထိန်းထားနိုင်မည်ဖြစ်ကြောင်း၊ အထက်မှအောက်သို့ ချပြသော စနစ်သည် ပြည်သူများလုံးဝလက်မခံတော့သည့်စနစ်ဖြစ်ကြောင်း ကက်သလစ်ပညာရေးတာဝန်ခံ James Liao နှင့် ထိုင်ဝမ်သုတေသန စီးပွားရေး သုတေသီဖြစ်သော Faustina Nuanting Huang တို့က သုံးသပ်ပြောကြားထားသည်။

Chen Chien-jen မှာ ဒုတိယ သမ္မတတာဝန်ကို ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်တွင်စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

(ကိုပိုက်)

# ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ ဆုတောင်းရာရက်အဋ္ဌမပတ် အစီအစဉ် ဖြစ်ပေါ်လာမှုသမိုင်းနှင့် အဓိကကျသောရက်စွဲများ

တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်ပြုလုပ်လေ့ရှိသောခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ ဆုတောင်းရာရက်အဋ္ဌမပတ်ကို နှစ်စဉ်နှစ်တိုင်း ဇန်နဂါရီလ (၁၈) မှ (၂၅) ရက်နေ့ စိန်ပေါလ်အကျင့်တရားပြောင်းလဲသောပွဲနေ့အထိပြုလုပ်လျက်ရှိသည်။ (၂၀၁၆)ခုနှစ်၏ ဦးတည်ချက်မှာ " Called to procliam the mighty acts of teh Lord" ကိုယ်တော်၏ အံ့ဖွယ်ရာအလင်းတော်သို့ ခေါ်ထုတ်တော်မူသော သခင်၏ချီးမွမ်းထိုက်သော အမှုတော်ကို ကြေညာဟောပြောကြလိမ့်မည်။(ပ ပီတာဩဝါဒစာစောင် ၂း၉) ဖြစ်ပါသည်။
ခရစ်ယန်များတစ်လုံးတစ်ဂတည်းဖြစ်ရေးအတွက် ခေတ်အဆက်ဆက်စုပေါင်းဆုတောင်းခြင်းတို့နှင့် မြန်မာနိုင်ငံသာသနာအသီးသီးတွင်လည်း ပြုလုပ်ခဲ့သော စုပေါင်းဆုတောင်းခဲ့ကြပါသည့် ဓါတ်ပုံတစ်ချို့ကိုလည်းဝေမျှပေးလိုက်ပါသည်။

၁၈၄၀ စကော့တလန်ပြည်တွင် မြောက်အမေရိကနိုင်ငံများနှင့် အဆက်အသွယ်ရှိသော သန့်ရှင်းသောဝိညာဉ်တော် ဂိုဏ်းတစ်ခု ပေါ်ပေါက်ခဲ့သည်။ ယင်းလှုပ်ရှားမှုသည် အသင်းတော်အားလုံးမှ ခရစ်တော်ဘာသာဝင်များအတူတကွအသင်းတော်အတွက်ဆုတောင်းခြင်းများ ပြုလုပ်ကြရန် ဖိတ်ခေါ်မှုများကို စတင်ခဲ့သည်။

၁၈၂၀ ဘုန်းတော်ကြီး ဂျိမ်းဟာဒင်စတီးဝပ် (James Haldend Stewat) ဆိုသူက ခရစ်ယာန်အသင်းတော်များပေါင်းစည်းကာသန့်ရှင်းသော ဝိညာဉ်တော်ဆုကိုအသစ်တဖန်ရရှိမှုခေါင်းစဉ်ဖြင့်စာအုပ်ထုတ်ဝေခဲ့သည်။

၁၈၄၀ ဘုန်းတော်ကြီးအီညာဆီအူးစပင်စာ(Ignatinus Spencer)ဆိုသူက ကက်သလစ်ဘာသာဝင်ဖြစ်လာကာခရစ်ယာန်အသင်းတော်မှတစ်လုံးတစ်ဝတည်းဖြစ်လာရေးအတွက် အတူအတကွ ဆုတောင်းကြရန် အကြံပြုခဲ့သည်။

၁၈၆၇ အင်္ဂလီကန်ဆရာတော်ကြီးများ၏ ပထမအကြိမ်လန်းဘတ်မြို့ အစည်းအဝေး(Lambelth Confrernce)တွင်ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက်ဆုတောင်းမှုအရေးကြီးကြောင်းဆုံးဖြတ်ခဲ့သည်

၁၈၉၄ ရဟန်းမင်းကြီးလေအို(၁၃)အရှင်သူမြတ်က ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက်ဆုတောင်းရာရက်သတ္တပတ်နှင့်သတ်မှတ်၍ ဆုတောင်းသင့်ကြောင်း၊ ယင်းရက်သတ္တပတ်ကို သန့်ရှင်းသော ဝိညာဉ်တော်ဘုရားဆင်းသက်တော်မူရာ ပွဲတော်နေ့ဝန်းကျင်၌ ပြုလုပ်ကြရန် အားပေး တိုက်တွန်းတော် မူခဲ့သည်။

၁၉၀၈ ဘုန်းတော်ကြီးပေါလ်ဝပ်ဆင်(Paul Wattson) ဆိုသူကခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းရာရက်သတ္တပတ်အစီစဉ်ကို စတင်ပြုလုပ်ခဲ့သည်။

၁၉၂၆ ယုံကြည်သူနှစ်ကျင့်သုံးမှု (Faith and Order) အဖွဲ့မှ ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက်ဆုတောင်းရာ ရက်သတ္တပတ်အစီအစဉ်ကို စတင်ပြုလုပ်ခဲ့သည်။

၁၉၃၅ ပြင်သစ်ပြည်မှ ပေါလ်လူးကော်တူရိယာ(Abble Paul Counturier) ဆိုသူရသေ့တစ်ပါးကသခင်ခရစ်တော်ကိုယ်တော်တိုင်ရည်ရွယ်ခဲ့သော ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းခြင်းကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းခဲ့သည်။

၁၉၅၈ ပြင်သစ်ပြည်လီယွန်းမြို့မှခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးလှုပ်ရှားမှုနှင့်ကမ္ဘာ့အသင်းတော်များကောင်စီယုံကြည်ခြင်းနှင့်ကျင့်သုံးမှု ကော်မရှင်တို့က ဆုတောင်းရာအစီအစဉ်ကို ပူးတွဲ၍ ရေးဆွဲခဲ့ကြသည်။

၁၉၆၄ ရဟန်းမင်းကြီး ဆဋ္ဌမမြောက်ပေါလ်လူးနှင့် အော့သော်ဒေါ့ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးအာသာနာဂေါရပ် (Patriarch Athanagoras) တို့သည သင်တို့ကို တစ်လုံးတစ်ဝတည်း ဖြစ်စေတော်မူပါ။ (ယောဟန် ၁၇) သခင်ယေရှုဆုတောင်းချက်ကိုအတူတကွ ဆုတောင်းခဲ့ကြသည်။


လားရှိုးသာသနာ


ပုသိမ်သာသနာ


မော်လမြိုင်သာသနာ


ဖားအံသာသနာ

၁၉၆၄ ရောမမြို့တွင်ပြုလုပ်သော ဒုတိယဗာတီကန်အစည်းအဝေးတွင် ခရစ်ယာန် များတစ်လုံးတစ်ဝတည်းဖြစ်ရေး အတွက်ကြိုးပမ်းမှုကိစ္စ အတွက် လမ်းညွှန်ပေးသည့်ကြော်ငြာစာ တမ်းတစ်ခုကို ထုတ်ပြန်ခဲ့ကြသည်။ ယင်းကြော်ငြာချက်တွင်ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းမေတ္တာအရေးကြီးကြောင်း၊ ဆုတောင်းရာရက်သတ္တပတ်ကိုတစ်ကမ္ဘာလုံးအတိုင်းအတာပြုလုပ်ကြရန် တိုက်တွန်းထားပါသည်။

၁၉၆၅ ဤနှစ်မှ၍ ကမ္ဘာ့ခရစ်ယာန်အသင်းတော်များကောင်စီ ယုံကြည်ခြင်းနင့်ကျင့်သုံးမှုအဖွဲ့က ကက်သလစ်အသင်းတော်မှ ရဟန်းမင်းကြီး၏ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းရာရက်သတ္တပတ်အစီအစဉ်ကို ပူးတွဲ၍ ရေးဆွဲခဲ့ကြသည်။ (မြန်မာနိုင်ငံတွင် ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းရာရက်သတ္တပတ်ကို ၁၉၉၆ ခုနှစ်တွင် စတင်ခဲ့သည်။

၁၉၆၈ ကမ္ဘာ့ခရစ်ယာန်အသင်းတော်များကောင်စီ ယုံကြည်ခြင်းနင့်ကျင့်သုံးမှုအဖွဲ့နှင့် ကက်သလစ်အသင်းတော်မှရဟန်းမင်းကြီး၏ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးကြိုးပမ်းမှုအဖွဲ့တို့မှပူးတွဲရေးဆွဲထားသော ဆုတောင်းရာရက်သတ္တပတ်အစီအစဉ်ကို တရားဝင်စတင်အသုံးပြုခဲ့ကြသည်။

၁၉၇၅ ဒေသခံအသင်းတော်များမှ ပူးပေါင်းရေးဆွဲထားသော အစီအစဉ်ကို ဆုတောင်းရာရက်သတ္တပတ်အစီအစဉ်၌စတင်အသုံးပြုသည်။

၁၉၈၈ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ပြင်ဆင်ထားသော ဆုတောင်းချက်များကို မလေးရှားနိုင်ငံခရစ်ယာန်အများဆုံးဖြစ်သောနယ်များတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသော ပြည်နယ်များစုပေါင်းပြီး ပြည်ထောင်စုဖွဲ့စည်းခြင်းများ၏ ရာထူးလက်ခံကျမ်းသစ္စာကြိမ် ဆိုခြင်းများ၌ အသုံးပြုခဲ့ပါသည်။

၁၉၉၆ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် အစီအစဉ်ရေးဆွဲရာ တွင် (YMCA) နှင့် (YWCA) တို့လည်းပါဝင်သည်။

၂၀၀၄ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းရာရက်သတ္တပတ်အစီအစဉ်ကိုအတူတကွရေးဆွဲကြ၍ တစ်ပုံစံတည်းထုတ်ဝေကြရန်ကမ္ဘာ့ခရစ်ယာန်အသင်းတော်များကောင်စီ၊ ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုအဖွဲ့နှင့်ကက်သလစ်အသင်းတော်မှ ရဟန်းမင်းကြီး၏ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးကြိုးပမ်းမှုတို့မှ သဘောတူခဲ့ကြပါသည်။

၂၀၀၈ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆုတောင်းရာရက်သတ္တပတ်ကျင်းပခြင်း၏ နှစ်(၁၀၀)ပွဲတော်ကြီးကို ကျင်းပခဲ့ပါသည်။

## စိန်ဖရန်စစ်ဇေးဗီးယား တိုင်းရင်းသားဘရာသာရ်များ






(၂၄၊၁၊၂၀၁၆)ရက်နေ့၊ပုသိမ်ဂိုဏ်းအုပ်သာသနာ စိန်ဖရန်စစ်ဇေးဗီးယား ဘရာသာရ်ဂိုဏ်းတွင် ရွှေစင်ဂျူဘီလီ ခံယူသောဘရာသာရ်အန်ထော်နီ၊ ငွေစင်ဂျူဘီလီခံယူသောဘရာသာရ်ဂျက်စတင်း၊ပထမသစ္စာခံယူ ကြသော ဘရာသာရ် ဇော်ဦးနှင့်ဗာလင်တိုင်းအောင်ကိုလင်း၊ ဝတ်ရုံကိုခံယူကြသော Bro ဘလူးနိုး၊ Bro John Eudes၊ Bro Vernon ၊ Bro John Gabriel နှင့်Bro Isaacတို့၏ပွဲတော်ကို မရမ်းချောင်း၊ ပုသိမ်မြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

(၁၉၄၂) ခုနှစ်(ဇန်နဝါရီ)လ (၁)ရက်နေ့၌ ဆရာတော်ကြီး ဖရက်ဒရစ်ပရိုဗိုစ်သည် မော်လမြိုင်မြို့တွင် စတင်တည်ထောင်ခဲ့သည်။ (၁၉၄၂) ခုနှစ် (ဇန်နဝါရီ)လ (၁၅)ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြောင့် ရောဂတီတိုင်းဟသာ်တမြို့နယ်ဒွတ္တိရွာသို့ပြောင်းရွှေ့ခဲ့ရသည်။ (၁၉၄၅) ခုနှစ်(ဩဂုတ်) လတွင်ပုသိမ်မရမ်းချောင်းသို့ ထပ်မံပြောင်းရွှေ့ကာ ယနေ့ထိတိုင်တည်ရှိ နေပါသည်။စိန်ဖရန်စစ်ဘရာသာရ်ဂိုဏ်းတည်ထောင်ခြင်း၏ သက်တမ်းမှာ (၇၄) နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ သာသနာ (၉)ခုတွင် ဘရာသာရ်များ အမှုတော်ထမ်းဆောင်နေကြပါသည်။ ဘရာသာရ် (၈၅)ပါး Novices (၉)ပါး၊ ဂင်လိုသူ (၁၀)ပါး ရှိပါသည်။ ပြည်ပသို့ သာသနာပြု နေကြသော ဘရာသာရ်များမှာ ဆော်လမွန်ကျွန်းတွင်တစ်ပါးရှိပြီးဖိလစ်ပိုင် နိုင်ငံတွင် ပညာတော်သင် (၂)ပါး ရှိပါသည်ဟုတာဝန်ခံ ဘရာသာရ်ထံ မှ သတင်းရရှိပါသည်။ (PTN-osc)

### ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာ နောက်ဆုံးရသတင်းများကို အချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံသာသနာအသီးသီး၊သူတော်စင်ဂိုဏ်း၊ CBCMကော်မရှင်အသီးသီးတို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ (တစ်လတွင်နှစ်ခါ) အထူးသဖြင့်online ဖြင့်ပေးပို့ရန်၊
- အာရှသမ္မာတရား လေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

### သတင်းလွှာထုတ်ဝေခြင်း၏ဖွဲ့စည်းပုံ

- ထုတ်ဝေသူ။ ။ စီဘီစီအမ် အိုအက်စ်စီ
- အယ်ဒီတာ။ ။ လူမှုဆက်သွယ်ရေးတာဝန်ခံ၊ မြစ်မခ မီဒီယာ
- အတိုင်ပင်ခံများ။ ။ CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၊ ကက်သလစ် ရှေ့နေများအဖွဲ့၊
- အဖွဲ့ဝင်များ။ ။သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ လူမှုဆက်သွယ်ရေး တာဝန်ခံများ၊

**CBCM Herald စာစောင်ကိုလ၏ ၁၅ နှင့် ၃၀ ရက်နေ့တို့တွင်ထုတ်ဝေသည်။ တစ်စောင်ကို (၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ပါဖြင့်မှာယူနိုင်ပါပြီ။**

## သမိုင်းမှတ်တိုင်(၁၅၀) (ရန်ကုန်)

ကောင်းသော သိုးထိန်းသီလရှင်များ၏ နှစ်(၁၅၀)ပြည့် ဂျူဗလီပွဲတော်ကို ရန်ကုန်မြို့ဗိုလ်အောင်ကျော်လမ်းရှိစိန်မေရီကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက် ညနေ(၅)နာရီ အချိန်က မစ္ဆားတရားတော်မြတ်နှင့်စတင်ခဲ့သည်။ပွဲတော်ကြီးတွင်မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုဦးဆောင်၍ ထိုင်းနိုင်ငံမှဆရာတော်တစ်ပါး၊မြန်မာနိုင်ငံမှဆရာတော်လေးပါး၊ဘုန်းတော်ကြီး(၇၄)ပါးနှင့်အတူပူဇော်ခဲ့ကြသည်။

တစ်ဆက်တည်းတွင်အဖဆရာတော်မှလူမှုလုပ်ငန်းများလုပ်ဆောင်စဉ်တွင်ငွေတစ်ခုတည်းကိုမကြည့်သင့်ကြောင်းကို သခင်ယေရှုနှင့်တပည့်တော်ကြီးများသည်ငွေကြေးမပါဘဲတမန်တော်လုပ်ငန်းလုပ်ဆောင်နိုင်ခဲ့ကြပုံနှင့်ယှဉ်တွဲပြောကြားခဲ့သည်။ပိုက်ဆံရှိမှလုပ်မယ်၊ငွေကိုအဓိကထားမယ်မဟုတ်ဘဲခရစ်တော်

"ကောင်းသောသိုးထိန်းစစ္စတာရ်ဂိုဏ်းမှာ လက်ရှိ စစ္စတာရ် (၅၁)ပါးရှိတယ်။ မြန်မာနိုင်ငံကိုသာသနာပြုသီလရှင်များ ၁၈၆၆ခုနှစ်မှာပြင်သစ်ကသာသနာပြုငါးပါး စတင် ရောက်ရှိလာတယ်။ သူတို့လာခဲ့တဲ့ခရီးလမ်းဟာ (၅၁)ရက် ကြာခဲ့တယ်။တိုက်တိုက်ဆိုင်ဆိုင်ယခု လက်ရှိမှာစစ္စတာရ်ကလည်း(၅၁)ပါးဖြစ်နေပါတယ်”ဟုကာဒီနယ်ချားလ်စ်ဘိုမှဩဝါဒမြွက်ကြားခဲ့သည်။



ဆက်လက်၍ ကောင်းသောသိုးထိန်းသီလရှင်အသင်း သာသနာပြုများ၏ အကျော်ကြားဆုံး စာသင်ကျောင်းများမှာ ရန်ကုန်တွင် နာမည်အကြီးဆုံး၊ အကျော် ကြားဆုံးအနေနှင့် တည်ရှိခဲ့ကြောင်း၊ စစ္စတာရ် ကျောင်းများမှာ ၁၉၆၅ခုနှစ်ဧပြီ(၁)ရက်တွင်ပြည်သူပိုင်အသိမ်းခံခဲ့ရပြီး၁၉၆၆ခုနှစ်တွင်ပြည်နှင်ဒဏ်အ ပေးခံခဲ့ရသည့်အတွက် ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မြန်မာပြည်တွင် ကောင်းသော သိုးထိန်း သီလရှင် အသင်း မရှိတော့ကြောင်း ပြောကြားခဲ့သည်။
သို့သော်၁၉၇၃ခုနှစ်အတွင်း ဒေသခံပြန်လည်တည်ထောင်သူ စစ္စတာရ်(၉)ပါး ပြန်လည်ရောက်ရှိလာပြီးပြန်လည်အစပြု တည်ထောင်ခဲ့သည်ကို မေခါ၊ မေလိခမြစ်နှစ်စင်းပေါင်းစုံ၍ ဧရာဝတီမြစ်ကြီးဖြစ်တည်ကာအားကိုးရသကဲ့သို့ ဒေသခံစစ္စတာရ်များနှင့်သာသနာပြုသီလရှင်များ၏ကြိုးစားအားထုတ်မှုကြောင့် အသင်းဂိုဏ်း၏အားကိုးအားထားပြုခဲ့ရသည်တို့နှင့်နှိုင်းယှဉ်မြွတ်ကြားခဲ့သည်။

၏ စိတ်သဘောထားကိုအတုယူ၍ လူထက်ငွေကိုဦးစားမပေးဘဲငွေထက်လူကို ဦးစားပေး လုပ်ဆောင်ရန် ပြောကြားခဲ့ပါသည်။

မစ္ဆားတရားအပြီးတွင် အရှေ့အာရှနယ်ပယ်ဆိုင်ရာအကြီးအကဲ စစ္စတာရ်ရေဂျီနားထူးထူမှကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရဓါတ်ပုံ ရိုက်ကူးခြင်းများပြုလုပ်ခဲ့ပါသည်။ထို့နောက် ဂျူဗလီကိတ်မုန့်ခွဲခြင်းနှင့် ညနေစာကိုဆရာတော်ကြီးကျောင်းတိုက်၌ ဖျော်ဖြေရေးနှင့် အတူ ဧည့်ခံကျွေးမွေးခဲ့ပါသည်။ဖျော်ဖြေရေးကဏ္ဍ၌ ဖာသာရ်နီကောလပ်စ် နှင့်အဖွဲ့ တီးဝိုင်းမှမေတ္တာဖြင့် တီးခတ်ပေးပြီးဖာသာရ်မာစီရန်သက်ကျော်နှင့် သံစဉ်စမ်းရေအဖွဲ့၊ အဆိုတော်နွဲ့ယဉ်ဝင်း၊ကိုဆေးရယ်၊ကိုဖရက်ဒီ၊ကိုရယ်ဂျီ၊ကိုဂျင်ပီနှင့်လူငယ်များမှပါဝင်ပံ့ပိုးကူညီသီဆို ပေးခဲ့ကြကြောင်းနှင့် အဆိုပါအခမ်းအနားသို့ ပရိတ်သတ်(၁၂၀၀)ခန့်တက်ရောက်ခဲ့သည်။ (Sr. Lucy RGS)

## ဂုဏ်ပြုထိုက်သူများ

မယ်တော်သခင်မ၏ သာသနာပြုသီလရှင်များ(RNDM) အသင်းဂိုဏ်းမှ သီလရှင်များသည်မိမိတို့အသင်းဂိုဏ်း ဝင် Sr. Emily စိုးစိုးလင်း၏ ရာသက်ပန်သစ္စာပြုခြင်း၊Sr.Debrosa ထွေးရီနှင့် Sr.Noreen မြစိန်တို့၏ ရွှေဂျူဘီလီနှင့် Sr.Josephine ရွှေမေ၏ စိန်ဂျူဘီလီပွဲတော်တို့ကို ပြည်မြို့ စိန်ပေါလ်ကယ်သီဒြယ်ကျောင်းတော်ကြီးတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။
ထိုပွဲတော်ကို ပြည်ကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး Alexander ဦးပြုံးချိုမှမစ္ဆားတရားတော်မြတ်ဦးဆောင်ကာရဟန်း၊ ရဟန်း၊ သီလရှင် (၆၀)ကျော်နှင့် ဘာသာတူများ(၅၀၀)ခန့် လာရောက် ဆုတောင်းခဲ့ကြသည်။



မစ္ဆားတရား တော်မြတ်၌ ဆရာတော်ကြီးမှ ဩဝါဒပေးရာတွင် လူတိုင်းလူတိုင်းသည်အချစ်ကြောင့်သာလျှင် အရာရာကို ပေးဆပ် အသက်ရှင်ကြောင်း၊ တသက်တာ သစ္စာရှင်၊ရွှေဂျူဘီလီရှင်များနှင့် စိန်ဂျူဘီလီရှင်များသည်လည်း ခရစ်တော် သခင်၏ချစ်ခြင်း၊ လူသားတွေ ကယ်တင်ခြင်းရစေသောချစ်ခြင်းအတွက်သာအသက်ရှင်ပေးဆပ်နေကြောင်း၊ထိုချစ်ခြင်းအတွက်ကြောင့်သာမိမိတိုင်းပြည်ကိုစွန့်ခွာပြီးတိုင်းတစ်ပါးပြည်တွင်သူတော်စင်ဘောင်ကိုခက်ခက်ခဲခဲစတင်ခဲ့ပြီးယနေ့တိုင်ခရစ်တော်သခင်အတွက်အသက် ရှင်ကြောင်း ဟောကြားခဲ့သည်။ (PYP-osc)

"CBCM Herald" တွင်အသုံးပြုသမျှသော သတင်းနှင့်ဓါတ်ပုံများသည် သတင်းပေးပိုသောသူများကိုယ်တိုင်ပေးပို့သော(သို့)အသုံးပြုခွင့်ပေးသော သတင်းနှင့်ဓါတ်ပုံများဖြစ်သောကြောင့် အားပေးကူညီသူအားလုံးကိုကျေးဇူးတင်ပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။ (CBCM-osc)

## နှစ်(၁၀၀)ပြည့် ဂျူဘီလီပွဲတော် ကြို့ပင်ကောက်တွင် ကျင်းပ

ရန်ကုန်မှအနောက်မြောက်ဘက်မိုင်(၁၂၀)နှင့်ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းတွင်တည်ရှိသည့်စိန်မိုက္ကယ်သာသနာ(ကြို့ပင်ကောက်) ၏ နှစ်(၁၀၀)ပြည့်ပွဲတော်ကို၂၀၁၆ခုနှစ်ဇန်နဝါရီ၁၆ရက်နေ့နံနက်ပိုင်းကမစ္ဆားတရားတော်မြတ်နှင့်အတူကျင်းပခဲ့သည်။မစ္ဆားတရားတော်မြတ်ကို ကာဒီနယ်ချားလ်စ်ဘိုဦးဆောင်၍ ဆရာတော်ဂျွန်စောယောဟန် နှင့်အတူ ရဟန်းတော်(၄၃)ပါးခန့်ပါဝင်ပူဇော်ခဲ့သည်။ မစ္ဆားတရားတော်မြတ်တွင် ဆရာတော်ဂျွန်စောယောဟန်မှဩဝါဒစကား မြွက်ကြားရာတွင်ကျေးဇူးရှင်ကာဒီနယ်ချားလ်စ်ဘိုနှင့်ကြွရောက်လာသူ အားလုံးကို ကျေးဇူးတင်ရှိ၍ ဘုရားသခင်ရဲ့ကျေးဇူးတော်များနှင့်ပြည့်ဝပြီးငြိမ်းချမ်းမှုအပေါင်းနှင့်ပြည့်စေရန် ဆုတောင်း မေတ္တာ ပို့သပါကြောင်း၊ ကျွန်ုပ်တို့မျက်မှောက်မှာရှိနေတဲ့ဘုရားကျောင်းတော်ကြီးဟာလေဒဏ်၊နေဒဏ်၊မိုးဒဏ်ကိုကြံ့ကြံ့ခံနိုင်သလိုတစ်ဦးစီးမှာလည်းစိန်ခေါ်မှု၊အခက်အခဲ၊စမ်းသပ်မှုတွေကိုရှောင်လွဲလို့မရနိုင်ပါဘူး။ဘုရားရှင်ကိုကိုယ်စီရဲ့ နှလုံးသားထဲမှာ ထည့်သွင်းမှသာသက်ဆုံးတိုင်နောက်လိုက်ကောင်းတွေအဖြစ်ရပ်တည်နိုင်ပြီး သစ္စာရှိတဲ့ငယ်သားကောင်းတွေဖြစ်နိုင်မှာပါ၊ဂျူဘီလီပွဲကိုအကြောင်းပြုပြီးမိသားစုမှာဖြစ်စေ၊ အလုပ်အကိုင်တွင် ဖြစ်စေ၊သာသနာပြုလုပ်ငန်းတွင်ဖြစ်စေတစ်ဦးနှင့်တစ်ဦး အငြိုးအတေးများကို ခွင့်လွှတ်၍ငြိမ်းချမ်းတဲ့ မိသားစု အဖြစ်ကြိုးစားခြင်းဖြင့်ယခုတိုင်းပြည်တည်ဆောက်နေသည့်ငြိမ်းချမ်းခြင်းလုပ်ငန်းစဉ်တွေနဲ့အတူတကွယှဉ်တွဲနေထိုင်ရေးမှာ ကက်သလစ်ခရစ်ယာန်များသည်အုတ်တချပ်သဲတပွင့် အနေနှင့် ပါဝင်ပြီးသား ဖြစ်နေနိုင်ကြောင်း စသည်ဖြင့်ဩဝါဒမြွက်ကြားခဲ့ပါသည်။



ကြို့ပင်ကောက်သာသနာ၏ သမိုင်းကျဉ်းအရ (၁၈၉၁)ခုနှစ်တွင် ပြင်သစ်သာသနာပြုရဟန်းတော်တစ်ပါးဖြစ်သောRev.Fr ဂျွန်ဖာဒီနန်ယူဂျင်းလု(ဒ်)သည် Bishop Paul Bigandet ၏ ညွှန်ကြားမှုအောက်တွင် ကြို့ပင်ကောက်နယ်တစ်ခွင်၌လာရောက်သာသနာပြုခဲ့ပြီး(၁၈၉၉)တွင်ဘုရားကျောင်းတော်ကြီးအားစတင်ဆောက်လုပ်ခဲ့ကာ၁၉၁၅ခုနှစ်တွင်စိန်မိုက္ကယ်နာမဖြင့်ကောင်းချီးပေးခဲ့သည်။(၁၉၄၉)ဖေဖော်ဝါရီလ(၉)ရက်နေ့တွင်ကရင်ဗမာအဓိကရုဏ်းကြောင့်စိန်မိုက္ကယ်ဘုရားကျောင်းတော်ကြီးအတွင်း၌သတ်ဖြတ်ခြင်းကိုခံခဲ့ရသောရဟန်းတော်များလည်းရှိကြောင်းသိရသည်။ကြို့ပင်ကောက်တွင်ကက်သလစ်ဘာသာဝင်အိမ်ခြေပေါင်း(၁၀၅၂)၊မိသားစုပေါင်း(၁၁၅၂)စု၊ဘာသာသူဦးရေ(၁၂၁၀၂)ဦးရှိကြောင်းသိရှိရသည်။

## အမိုက်ပစ်တာ ရက်စရာ ဖြစ်ကြောင်း ကျိုင်းတုံမယ်များ သက်သေပြပြီ Miss Keng Tung 2016

MGL-East Shan State 2016 ပြိုင်ပွဲကြီး ပထမဆုံးခြေလှမ်းအနေဖြင့် Miss Keng Tung မယ်လေးများက ပင်ကိုယ် အလှသာမက မပျောက်ပျက်မယိုယွင်းနိုင်သော စိတ်ထားအလှ တို့ကိုပေါ်လွင်စေရန်အတွက် ဇန်နဝါရီ(၁၇) ရက် နံနက်(၉)နာရီဝန်းကျင်ခန့်မှစ၍ မယ်များမှ ကျိုင်းတုံမြို့ မြို့မဈေးတစ်ဝိုက်နှင့် ကျိုင်းတုံ မဟာမြတ်မုနိဘုရားအထိကို အမိုက်ကောက်ခဲ့ကြောင်း သိရသည်။ကမ္ဘာမြေကို အဓိက ဖျက်ဆီးနေသော အရာများထဲတွင် အမိုက်သရိုက်များပါဝင်သည့်အတွက်အမိုက်ကင်းစင်သည့်နယ်မြေတစ်ခုဖြစ်ရန် ပြည်သူ လူထုများမှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် ပထမဆုံးအနေဖြင့် လက်တွေ့ပြသခဲ့ခြင်းလည်း ဖြစ်သည်။ထိုသို့ ကျိုင်းတုံမှ မယ်များ အမိုက်ကောက်ရာ၌ ၄င်းနှင့်အတူ မြို့မိမြို့ဖများနှင့်လူမှု ကူညီရေးအသင်း၊ ပရဟိတအဖွဲ့များလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။အမိုက်ကောက်ခြင်းနှင့် ပက်သက်၍ ဝိုင်းဝန်းကူညီပေးကြကာ အစစအရာအရာအဆင်ပြေအောင် ချိတ်ဆက်ပေးသည့် ကျိုင်းတုံမြို့မှ ဆရာဦး ဟန်သင်းနှင့် အလှပျက်မှာကို မကြောက်၊ မိန်းမသား ဆိုပေမယ့် ရဲရင့်စွာလုပ်ကိုင်နိုင်ခဲ့သော ကျိုင်းတုံMiss များကိုလည်း မြို့ခံတာဝန်ရှိသူတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ (Rose SdP)

## ကလေးဖုံ ဓမ္မဆရာများ ကံစမ်းမဲဖွင့်ပွဲနှင့် မိုင်နွဲ့ငြိမ်းချမ်းရေးမယ်တော်ပွဲ ကျင်းပမည်

ကလေးကက်သလစ် သာသနာ၊ ကလေးဖုံ ဓမ္မဆရာများအဖွဲ့အစည်းရံပုံငွေအတွက်ပြုလုပ်သောကံစမ်းမဲလက်မှတ်ဖွင့်ပွဲ နှင့် မိုင်နွဲငြိမ်းချမ်းရေးမယ်တော်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နေ့လည်(၁၁) နာရီတွင် မိုင်နွဲမယ်တော်ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကလေးဖုံ ဓမ္မဆရာများအဖွဲ့၏ ဥက္ကဌဆရာကြီးဘားနပ်ထောင်းရှန်းလျှန်ထံမှသိရှိရသည်။အဆိုပါကံစမ်းမဲကိုစောင်ရေ(၆၀၀၀)ကြိုတင်ပြုလုပ်ထားရာတစ်စောင်လျှင်ကျပ်တစ်ထောင်နှုန်းသတ်မှတ်၍ ကံစမ်းမဲအားလုံးရောင်းရပါက အသားတင်အမြတ်ငွေ ကျပ်နှစ်သိန်း ရရှိမည်ဖြစ်ရာ ဓမ္မဆရာများ စားဝတ်နေရေးအတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီသွားနိုင်မည်ဖြစ်ကြောင်း ဥက္ကဌ ဘားနပ်ထောင်းရှန်းလျှန်က ရှင်းပြသည်။ဆုမဲများမှာ (၁) 125မော်တော်ဆိုင်ကယ်တစ်စီး၊ (၂) ဆိုလာပြားဝပ်(၃၀၀)တစ်ချပ်၊ (၃) ဆိုလာပြားအသေးဝပ်(၇၀)လေးချပ်၊ (၄)Laptop သုံးလုံး၊ (၅) စလောင်း PSL လေးလုံး၊ (၆) Hand bag(၁၀)လုံး၊ (၇)Radio (၁၀)လုံး၊ (၈)ဒန်အိုး ခုနစ်ထွာ(၁၀)လုံး၊ (၉) Blanket(၁၀)ထည်၊ (၁၀) EVDစက်(၄)လုံးတို့ ဖြစ်သည်။

အဆိုပါကံစမ်းမဲအစီအစဉ်ကို ကလေးဖုံ ဓမ္မဆရာများအဖွဲ့အစည်းအဖြစ်ရပ်တည်သည့်နှစ်မှစ၍ ပထမဦးဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းကံစမ်းမဲအစီအစဉ်ကို ကျင်းပ သွားမည်ဖြစ်ကိုလည်း ဓမ္မဆရာအဖွဲ့အစည်းကော်မတီ၏ဆုံးဖြတ်ချက်အရသိရသည်။ကလေးဖုံဓမ္မဆရာများအဖွဲ့အစည်းမှာသီးခြားရံပုံငွေမရှိဘဲ၎င်းအဖွဲ့အစည်းတွင်ပါဝင်သောဓမ္မဆရာများသည်တစ်ဦးလျှင်ကျပ်တစ်သောင်းတိတိကိုနှစ်စဉ်နှစ်တိုင်းမတည်ငွေထည့်ဝင်ကြရပြီးအဆိုပါမတည်ငွေများကို အခြေခံ၍ ကလေးဖုံ ဓမ္မဆရာများအဖွဲ့အစည်းအတွက်ရံပုံငွေရရှိရန်အတွက်ကံစမ်းမဲအစီအစဉ်ပြုလုပ်ထားခြင်းဖြစ်သည်။ ကလေးကက်သလစ်သာသနာသည် ကလေးဖုံ၊ ခမ်းပတ်ဖုံ၊ တီးတိန်ဖုံနှင့်တွန်းဇံဖုံစသဖြင့်ဖုံနယ်လေးခုဖြင့်ဖွဲ့စည်းထားကာကလေးကက်သလစ်သာသနာတွင်ဓမ္မဆရာဦးရေစုစုပေါင်း(၃၂၀)ဦးရှိပြီးကလေးဖုံတွင်ဓမ္မဆရာဦးရေစုစုပေါင်း(၇၀)ဦး ရှိသည်။ကလေးဖုံဓမ္မဆရာများအဖွဲ့အစည်းသည် ၂၀၁၃ ခုနှစ်မှစတင်၍ သီးခြားရပ်တည်ဖွဲ့စည်းထားသော ဓမ္မဆရာများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပြီး ယခင်က ခမ်းပတ်ဖုံနှင့် ပူးပေါင်းထားကြောင်း သိရသည်။(KLY -OSC)

# မနောမြေမှ စိန်ခေါ်သံ (မြစ်ကြီးနားသာသနာ)

အာလမ်လက်ဝါးကားတိုင်တောင်မှာမြစ်ကြီးနားသာသနာတစ်ခုလုံး၏တန်ဖိုးထားမြတ်နိုးရာ ဆုတောင်း တောင် ဖြစ်သည်။ခရစ်တော်သခင်၏ လက်ဝါးကားတိုင်တော်အောင်ပွဲနေ့ဖြစ်သည့်နှစ်စဉ်စက်တင်ဘာ(၁၄)ရက်နေ့၌သာသနာတစ်ခုလုံရှိ ယုံကြည်သူများမှာတောင်ခြေမှတောင်ထိပ်သို့ ရောက်လာကြပြီးလက်ဝါးကားတိုင်ဒုက္ခစရိယာထောက်ရှုရင်း ဘုရားဖူးများအရောက်များသည့် တောင်တစ်ခုလည်းဖြစ်သည်။

ဆုတောင်းတောင်ကို ကြည့်ရှုထိန်းသိမ်းရန် ဘုန်းတော်ကြီး Paul Lasang Laတန်ဖရဲကျောင်းထိုင်ဘုန်းတော်ကြီးက၂၀၀၂ခုနှစ်တွင် တောင်ခြေ၌ဘုန်းတော်ကြီးကျောင်းဆောင်တစ်ခုတည်ဆောက်ကာထိုတောင်တစ်ခုလုံးကကက်သလစ်သာသနာအတွက် သန့်ရှင်းသောတောင်၊ ကမ္ဘဋ္ဌာန်းကျောင်းတိုက်ဖြစ်လာစေရန် ရည်ရွယ်ပြီး စတင်တည်ဆောက်ခဲ့သည်ဟုသိရသည်။၂၀၁၂ ခုနှစ်တွင် သာသနာ့အမှုတော်ထမ်းဆောင်နေသော လာဇရက်ဂိုဏ်း ဘုန်းတော်ကြီး Jerome Eiphan ၏ဦးဆောင်မှုဖြင့် လည်းကောင်း၊ ဆုတောင်း တောင်တာဝန်ခံကော်မတီဝင်များ၏ ပံ့ပိုးခြင်းဖြင့်လည်းကောင်း၊အလှူရှင်ဦးပီတာမရှော့လခေါင်နှင့်ဒေါ်မေရီဖေါင်ဂွမ်ဒွဲဘူမိသားစုတို့၏ စေတနာမေတ္တာဖြင့်လှူဒါန်း သည့်ကျောင်းဆောင်နှင့် ခန်းမဆောင် တို့ကို မြစ်ကြီးနားသာသနာပိုင်ဆရာတော် Francis Daw Tang ကိုယ်တိုင် ဘုရားသခင်ထံအပ်နှံပူဇော်ပေးခဲ့ကြောင်း ကိုလည်း သိရှိရသည်။

အာလမ်လက်ဂါးကားတိုင်တောင်ခြေတွင်ဘုရားဖူးသူတော်စင်များအတွက်ဂတ်ပြုကိုးကွယ်ခြင်းများကို ကောင်းမွန်စွာပြုလုပ်နိုင် စေရန်ရည်စူးလျက်အလှူရှင်ဦးမရှော့လခေါင်မိသားစု(ယုဇန)မှလှူဒါန်း၍ဂါးလုံးများဖြင့်အလှဆင်ကာဆောက်လုပ်ပြီးစီးသွားသောစိန်ပီတာဘုရားကျောင်းတော်ကြီးကိုလည်းကောင်း၊ဦးမိထွယ်နော်တောင်မိသားစု(ရွှေစက်)လှူဒါန်းသောသနားကရုဏာနှစ် အထိမ်းအမှတ်လက်ဂါးကားတိုင်နှင့်ခန်းမဆောင်တို့ကိုလည်းကောင်း၊ဦးအင်လမ်တူးရှန်မိသားစု(စီတာပူ)မှလှူဒါန်းသည့်မြန်မာနိုင်ငံသို့ ကက်သလစ်သာသနာရောက်ရှိသည့်နှစ်(၅၀၀)ပြည့်ဂျူဘီလီအထိမ်းအမှတ်လှေကားကြီးနှင့် တမန်တော်နှစ်ပါးဆင်းတုတို့ကို ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ဇိန်းထုန်းဂရောက်မှ (၂၀၁၆)ခုနှစ်၊(ဇန်နဂါရီ) လ (၁၆)ရက်နေ့တွင် ကောင်းကြီးပေးဖွင့်လှစ်ပေးခဲ့ သည်။




ထိုနေ့သည် ဆရာတော်ကြီး(၂)ပါး၊ ရဟန်းဘုန်းတော်ကြီး(၅၃)ပါး၊ ကိုရင်၊ သီလရှင်၊ ဓမ္မဆရာ/မ ဘာသာတူပေါင်း(၄၀၀၀)ကျော် တက်ရောက်ခဲ့သည့် ပွဲတော်ကြီးဖြစ်ကာ ယုံကြည်ခြင်းသာသနာပြုအသင်းဂိုဏ်းဝင် ဦးပဥ္စင်းကြီးဂျွန်မုန်ဝေါ်န်လဆမ်ကို မြစ်ကြီးနား ဂိုဏ်းအုပ်ဆရာတော် Francis Daw Tang က ရဟန်းသိက္ခာတင်ပေးခဲ့သဖြင့် သန့်ရှင်းရာ ဆုတောင်းတောင်တစ်ခုလုံးကို ပိုမို၍မွန်မြတ်တင့်တယ်စေခဲ့ပါသည်။ ယုံကြည်ခြင်းသာသနာပြုအသင်းဂိုဏ်းမြန်မာနိုင်ငံသို့ ရောက်ရှိပုံမှာ (၁၉၈၉)ခုနှစ်တွင်စတင်သည့်လွိုင်ကော် သာသနာသစ်၏ ဂိုဏ်းအုပ်ဆရာတော်ဆိုတေးရီဖားမောသည် မိမိသာသနာ၌သစ္စာပြုနေထိုင်သော ရဟန်းတော်များ (Religious Priests) ထားရှိရန် ကြိုးပမ်းခဲ့ရာ၊ အီတလီနိုင်ငံ၊ ရောမမြို့တွင်ရှိသော ယုံကြည်ခြင်း သာသနာပြု ဂိုဏ်းမှ ဘုန်းတော်ကြီး Fr.Andrea Spegneနှင့် အဆက်အသွယ် ရရှိပြီး မိမိသာသနာမှ လူငယ်(၃)ဦးကိုအီတလီနိုင်ငံသို့စေလွှတ်ခဲ့ကြောင်း၊ ထိုလူငယ်တို့သည်သူတော်စင်ဂိုဏ်းဝင် ရဟန်းဘဝနှင့်ဆိုင်သော ပညာရပ်များကိုလေ့လာပြီးသည့် ဦးပဥ္စင်းကြီးများအဖြစ်မြန်မာနိုင်ငံသို့(၁၉၉၉)ခုနှစ်တွင်ပြန်လည်ရောက်ရှိကာ ရဟန်းသိက္ခာခံယူခဲ့ကြကြောင်း၊ (၁၉၉၉) ခုနှစ်၊ဧပြီလ(၂၅)ရက်နေ့တွင်လွိုင်ကော်ကက်သလစ်သာသနာ၊ မိုင်းလုံးရပ်ကွက်-လွိုင်ကော်မြို့၌ယုံကြည်ခြင်းသာသနာပြု အသင်းဂိုဏ်းကို ဆရာတော်ကြီးမှ တရားဝင်ဖွင့်လှစ်ခဲ့ကာယခုအခါအသင်းဂိုဏ်းဝင်(၂၂)ပါးရှိကြောင်းဘုန်းတော်ကြီး Roberto MF ထံမှသိရှိရပါသည်။

ထို့အပြင်အာလမ်လက်ဂါးကားတိုင်တောင်ကို ဆုတောင်းပြည့်တောင်ဟုခေါ်တွင်သည့်အားလျော်စွာမိမိ၏ဘဝတစ်ခုလုံးကိုဘုရားသခင်ထံတော်သို့ လုံးလုံး လျားလျားအပ်နှံပူဇော်ရင်းနာခံခြင်း ပြည့်ဂစွာဖြင့် သာသနာ့လယ်ကွင်းတွင် သတ္တိရှိရှိ အစေခံမည့်ဘုန်းတော်ကြီးအသစ်တစ်ပါးကိုမြင်တွေ့ရသောသူတိုင်းမှာ စိတ်နှလုံးအေးချမ်းကာ မနောမြေ၏ စိန်ခေါ်သံကိုတစ်တောင်လုံးဟိန်းအောင်တုန့်ပြန်ကြလေသည်။



တိုးတက်ပြောင်းလဲနေသော မျက်မှောက်ခေတ်ကာလတွင်လည်းခေတ်နှင့် အညီပြုပြင်ပြောင်းလဲခြင်းများကိုလိုအပ်သော အခြေအနေများ၌ပြောင်းလဲရတော့မည်ဖြစ်ကြောင်း ကို အာရှသမ္မာတရားလေလှိုင်း အသံလွှင့်ခြင်းတာဂန်ခံဘုန်းတော်ကြီးGabrielထွန်းမြင့်က ရှင်းပြပေးခဲ့သည်။ "ရေဒီယိုအသံလွှင့်ခြင်း၏ ကုန်ကျစရိတ် အလွန်ကြီးမားခြင်း ကြောင့်လည်းကောင်း၊တိုးတက်ပြောင်းလဲနေသောအင်တာနက်၏လွှမ်းမိုးခြင်းကြောင့်လည်းကောင်း၊ အာရှသမ္မာတရား လေလှိုင်း အသံလွှင့် ခြင်းကို မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်ဖုန်းစက်ပစ္စည်းဖြင့် ဖြစ်စေ (၂၄နာရီ)အချိန်ပြည့် နားထောင် နိုင်ခြင်းကြောင့် ရေဒီယိုအသံလွှင့်ခြင်းမှသည်အွန်လိုင်းအသံလွှင်ခြင်းသို့မကြာမီနှစ်များတွင် ပြောင်း လဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်းတို့ကို" ရှင်းပြခဲ့ပါသည်။ (Fr. Leo Mang)



## ပရိတ်သူငယ်တော်ယေရှုဘုရားကျောင်းသစ်ဖွင့်ပွဲ(လှိုင်သာယာ)







ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊ပေါ်ဆန်းမွှေး(၄)လမ်းရှိပရိတ်သူငယ်တော်ယေရှုဘုရားကျောင်းသစ်ဖွင့်ပွဲကို ဇန်နဂါရီလ(၁၇)ရက်နေ့ နေ့နံနက်(၉)နာရီတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ဘုရားကျောင်း၏သမိုင်းအကျဉ်းမှာ ၁၉၉၁၊၃၊၁ အမှတ် (၈၃/က)ပဲခူးလမ်း၊(၁၁)ရပ်ကွက်နေ ဦးဂျွန်နက်၏ခြံဝင်း၌ မယ်တော်ပွဲ ကျင်းပခဲ့ရာ ရန်ကုန်ရဟန်းဖြစ်သင်ကျောင်းမှ ကျောင်းအုပ်ဘုန်းတော်ကြီး ဖာသာရ်ဂေါ်ရီနှင့်အတူညွှန့်သည့်ရဟန်းနစ်ပါးမစ္ဆားတရားပူဇော်ခဲ့သည်။ ဘုန်းတော်ကြီးများ၏ ဆွေးနွေးတိုင်ပင်ပြောဆိုခြင်းများကြောင့် ဂိုဏ်းချုပ်ဆရာတော်ကြီးမန်းဂါဗြီသိုလ်ဟေးမှ ဘုရားကျောင်းဆောက်လုပ်ပေးရန်ဖြစ်လာခြင်းဖြစ်ကြောင်းသိရသည်။အခမ်းအနားတွင်သာသနာ့တာဝန်အသီးသီးယူခဲ့ကြသော ရဟန်းတော်များနှင့်လူပုဂ္ဂိုလ်များနှင့်၏ သမိုင်းများကို ဖတ်ကြားခဲ့သည်။ (၁၉၉၃)ခုနှစ် (ဇန်နဂါရီ)လတွင် ပရိတ်သူငယ်တော်ယေရှုဘုရားကျောင်း ပထမဆုံးဆောက်လုပ်ခဲ့၍ဘုန်းတော်ကြီးများ အဆက်ဆက်ကြည့်ရှုစောင့်ရှောက်ခဲ့ကြကာပထမဦးဆုံးကျောင်းထိုင်ဘုန်းတော်ကြီး အဖြစ် ဖာသာရ် မာတင်းဇော်ဇော်နိုင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

(၂၀၁၂) ခုနှစ်၊ (ဧပြီ)လ၊(၉)နေ့တွင် ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ချားလ်စ်ဘိုမှသာသနာကိုပိုမိုတိုးတက်လာစေရန် ဆလေးရှင်းအသင်းဂိုဏ်းသို့လွှဲပြောင်းတာဝန်ယူစေခဲ့၍ ဖာသာရ်အန်ဒြူးရန်နိုင်ဝင်း(SDB)မှဦးဆောင်ကာဘာသာဝင်ညီအစ်ကိုမောင်နှမများတက်ကြွစွာပါဝင်မှုကြောင့် ယခုကဲ့သို့ ဗိမာန်တော်သစ်ကြီးကိုတည်ဆောက်နိုင်ခဲ့ကြောင်းနှင့် အလှူရှင်များအားလုံးတို့အားကျေးဇူးအထူးတင်ရှိကြောင်းမှတ်တမ်းတင် ဖတ်ကြားခဲ့ပါသည်။ ထို့နောက်ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘိုဦးဆောင်၍ မစ္ဆားတရားပူဇော်ရာတွင် ရဟန်းတော်အပါး(၃၀)ကျော်ပူဇော်ခဲ့ကြသည်။ ကာဒီနယ်မှဩဝါဒစကားမြွက်ကြားခဲ့ရာ၌"အရင်ဦးဆုံးဘုရားကျောင်းဆောက်လုပ်လှူဒါန်းပေးခဲ့သောအလှူရှင်များအား ကျေးဇူးတင် ဆုတောင်းပေးပေးပါတယ်။ အကြံဉာဏ်ပေး ဦးစီးဦးဆောင် ပေးခဲ့သော ဘုန်းတော်ကြီးများလည်းကျေးဇူးတင်ပါတယ်။ တကယ်တမ်းအားဖြင့် မလွယ်ကူခဲ့ပါဘူး။ တဲစုတ်လေးထဲမှာနေခဲ့ရပြီး ဒီလိုမျိုးအခြေအနေရောက်သွားတယ်။ ရှုန်းကန်ပြီးတော့ဒီလိုမျိုးအခြေအနေမှာလုပ်ပခဲ့တယ်။ ကျောက်ဆောင်ပေါ်မှာပေါက်နေတဲ့လုပ်ပတဲ့ပန်းပွင့်လေးတစ်ပွင့်လိုဘဲဒီနေ့ လှိုင်သာယာအတွက် ဘုရားကျောင်းလေးဖြစ်သွားတယ်။ အခက်အခဲအရမ်းများတယ်၊ ရှုန်းကန်ခဲ့ရတယ်၊ ရုံးကန်ပြီးနောက်ဘုရားကျောင်းသစ်ဖြစ်လာတာကို မြေမာမာထဲတွင်ပေါက်တဲ့မှိုနှင့် နှိုင်းယှဉ်ကြောင်း၊ အထူးသဖြင့်အဖွဲ့အစည်းများ တည်ဆောက်ရာတွင်လည်း စည်းရုံးကြရန်" မြွက်ကြားပြီးခရစ္စမတ်အားပေးခြင်း စက္ကရမင်တူးခံယူမည့်ကလေး နှင့်လူငယ်(၃၉)ဦးကို ခရစ္စမတ်အားပေးခြင်းပေးခဲ့ပါသည်။

ထို့နောက်မစ္ဆားပူဇော်ရာယဇ်ပလ္လင်သစ်ကိုကောင်းချီးပေးခဲ့ပါသည်။ ကျောင်းထိုင်ဘုန်းတော် ကြီးအန်ဒြူးရန်နိုင်ဝင်း(SDB)မှ ဘုရားကျောင်းဆောင်သစ် ကို ကောင်းချီးပေး ပေးသော ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို အားအထူးကျေးဇူးတင်ကြောင်းနှင့် "အမှောင်ထုကို ဖြတ်ကျော် သွားပြီးလျှင် အမှောင်ထုရဲ့အဆုံးမှာအလင်းတန်းဆိုတာရှိတယ်" အခက်အခဲအမျိုးမျိုးရှိခဲ့သော်လည်း အခက်အခဲ၏နောက်တွင် တစ်ယောက်နှင့်တစ်ယောက်တွေ့ဆုံနိုင်ခွင့်၊ ဆုံဆည်းနိုင်ခွင့်ရှိခြင်းသည်ခရစ်တော်၌ အရာရာကိုတတ်စွမ်းနိုင်ခြင်းကြောင့်ဖြစ်ကြောင်းနှင့်ကျေးဇူးတင်ထိုက်သူ အားလုံးကိုကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။

ဘုရားကျောင်းတော်ကြီးဖွင့်ပွဲသို့ ဂိုဏ်းအသီးသီးမှ ကိုရင်များ၊ စစ္စတာရ်များ ပါဝင်တက်ရောက်ခဲ့ကြသည့်အပြင်ကနစိုးကုန်းသာသနာ မိုးသောက်ကြယ် လူငယ်အဖွဲ့မှ လူငယ် အယောက် (၃၀) ကျော်လည်း ပါဝင်တက် ရောက်လုပ်အားပေးခဲ့ကြပြီး ဘုရားကျောင်းဖွင့်ပွဲသို့ လူပရိတ် သတ် (၂၀၀၀)ခန့်တက်ရောက်ခဲ့ကြပါသည်။( CBCM-osc)

## ကြွက်သောင်းကျန်း၍ မိုင်းပန်တိုက်နယ်အတွင်းမှ တောင်သူများ အစာရေစာ ရှားပါးနေ

တောင်ကြီးသာသနာပိုင်၊ မိုင်းပန်တိုက်နယ်တွင်းရှိ ကျေးရွာများတွင်ကြွက်များသောင်းကျန်းမှုကြောင့် တောင်သူများ အစာရေစာရှားပါးပြီး အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း သိရှိရသည်။ "အခြေအနေတွေကတော့ လက်ခံဖို့ဆိုတာ တော်တော်လေးတော့ ခက်တယ်။ နစ်တိုင်း စပါးတင်း တစ်ရာကျော်၊ တစ်ရာ့သုံးဆယ်လောက်ရတဲ့ အိမ်ထောင်စုတောင်မှ ဒီနှစ်ဆိုရင် သုံးလေး အိတ် လောက်ပဲ ရတော့တယ်။ သူများကို အကူအညီ တောင်းဖို့ အထိတော့ အစီအစဉ် မရှိသေး ဘူး။ လောလောဆယ်ဆယ်တော့ ရွာသားတွေအချင်းချင်း အပြန်အလှန်ကူညီနေကြတယ်" ဟု ဒေသခံဦးဒီက ပြောသည်။

မိုင်းပန်တိုက်နယ်အတွင်းရှိကျေးရွာများသည် ရွှေ့ပြောင်းတောင်ယာကိုအဓိကစိုက်ပျိုးကြကာဆန်စပါး၊ ကောက်ပဲသီးနှံ၊ ဧရုပ်သီးစသည် တို့ဖြင့် အသက်မွေးကြောင်းပြုမှုများကြောင်းကိုလည်း သိရသည်။ "တစ်ချို့လူတွေက စပါးတစ်ပင်မှ မရိတ်လိုက်ရဘူး။ ပြောင်းဆိုလည်းသုံးခါလောက်ပြန်စိုက်ခဲ့ရတဲ့ သူတွေရှိတယ်။ ဒါတောင်အခါနှောင်းသွားလို့ မစားရပြန်ဘူးဖြစ်နေတယ်" ဟု လက်ထောက် ကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာရ်စတီးဖင်း မျိုးလေးက မိန့် ကြားသည်။ မိုင်းပန်တိုက်နယ်သည် တောင်ကြီးမှ မိုင်ပေါင်း (၁၈၀)အကွာအဝေးတွင် တည်ရှိပြီး ရှမ်း၊ မြန်မာ၊ ပအိုဝ်း၊ လီဆူးနှင့် ကယန်းလူမျိုးများ နေထိုင်သည့်တိုက်နယ်တစ်ခုဖြစ်သည်။
ထိုသို့ကြွက်များပေါ်လာ၍ သောင်းကျန်းလာခြင်းမှာ ရာသီကပ်ဆိုးများကြောင့် မဟုတ်ဘဲ ဝါးပင်များမှ အပွင့်များဖြစ်လာကာ အသီးများထွက်လာခြင်းကြောင့် ဖြစ်သည်ဟု ဒေသခံများမှ ယုံကြည်နေကြောင်း ကိုလည်း သိရှိရသည်။ (TGI-osc)

# ကချင်အမျိုးသားကာကွယ်ရေး(ကေဒီအေ)အဖွဲ့၏(၂၅)နှစ်ပြည့်ငွေရတုဂျူဘီလီကျင်းပခြင်း



ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကောင်းခါးမြို့သစ်တွင်အခြေစိုက်(ကေဒီအေ) ကချင်အမျိုးသားကာကွယ်ရေး လက်နက်ကိုင်အဖွဲ့၏ နိုင်ငံတော်အစိုးရနှင့်လက်မှတ်ရေး ထိုးပြီးငြိမ်းချမ်းရေးရယူခြင်း (၂၅) နှစ်ပြည့် ငွေဂျူဘီလီ ပွဲကို ကောင်းခါး မြို့တွင်(၂၀၁၆) ဇန်နဝါရီ လ (၁၃ မှ ၁၆) ရက်နေ့ထိ ခမ်းနားစွာ ဇန်နဝါရီလ(၁၅)ရက်နေ့နံနက်ပိုင်းတွင်စစ်ရေးပြခြင်းနှင့် ညနေပိုင်းတွင် (မနောအက)၊ဇန်နဝါရီလ ၁၆ ရက်နေ့နံနက်တွင်ဂျူဘီလီပွဲတော်ကိုကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင် ဆုတောင်းခြင်းများကိုပြု လုပ် ခဲ့ကြပါသည်။ ပွဲတော်ရက်များ တွင်ကချင်တိုင်းရင်းသားအဆို တော်များ၏ တေးဂီတ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ကောင်းခါးမြို့သစ်တွင်အခြေစိုက်(ကေဒီအေ)ကချင်အမျိုးသားကာကွယ်ရေး လက်နက်ကိုင်အဖွဲ့၏ နိုင်ငံတော် အစိုးရနှင့် လက်မှတ် ရေးထိုးပြီး ငြိမ်းချမ်းရေးရယူခြင်း ၂၅)နှစ်ပြည့် ငွေဂျူဘီလီပွဲကိုကောင်းခါးမြို့တွင်(၂၀၁၆)ဇန်နဝါရီလ(၁၃ မှ၁၆)ရက်နေ့ထိ ခမ်းနားစွာ ပြု လုပ်ခဲ့ သည်။ နိုင်ငံတော်အကြီးအကဲများ၊ဒေသခံဘာသာရေးခေါင်းဆောင်များ၊ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ပါ ဝင်ခဲ့ကြပါသည်။ဂျူဘီလီပွဲသို့တက်ရောက်ပါဝင်ကြသူများအားလုံးကို(KDA)အဖွဲ့အစည်းမှ(၄)ရက်ဧည့်ခံကျွေးမွေးခဲ့ပါသည်။ ဂျူဘီလီပွဲတော်၏အစီအစဉ်များတွင်ဇန်နဝါရီလ(၁၃)ရက်နေ့နံနက်ပိုင်းတွင်မိမိတို့ပြုခဲ့မိသောအပြစ်များအားလုံး အတွက်နောင်တယူပြီးဘုရားသခင်၏ခွင့်လွှတ်ခြင်းရရှိရန်ဆုတောင်းခြင်း၊ ညနေ ပိုင်းတွင် ဂျူဘီလီ အောင်မြင်ခြင်း အထိမ်းအမှတ် မနောကွင်းဖွင့်ပွဲ အစီအစဉ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင် ကျေးဇူးတင်မနောအက ကခြင်း အစီအစဉ်နှင့် မွန်းလွဲပိုင်းတွင် ဂျူဘီလီကျေးဇူးတော်ချီးမွမ်းဆုတောင်းခြင်း၊ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခြင်းနှင့် ဂျူဘီလီမိတ်ဆုံစားပွဲကိုလည်းကောင်း ဖျော်ဖြေရေးနှင့်တိုင်းရင်းသားရိုးရာ ပဒေသာဖျော်ဖြေရေးကို တစ်ပြိုင်နက် နှစ်နေရာ တွင် (၃)ည ဆက်တိုက် ပြုလုပ် ခဲ့ကြပါသည်။

ကေဒီအေအဖွဲ့၏အဓိကလုပ်ဆောင်ချက်များမှာငင်းတို့တိုက်ရိုက်အုပ်ချုပ်ခွင့်ရ ဒေသရှိ တိုင်းရင်းသားများ၏ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနေထိုင်မှုဘဝလုံခြုံရေးနှင့်လူနေမှုဘဝမြှင့်တင်ရေးများကိုဦးစားပေးဆောင်ရွက်လျှက်ရှိကြောင်း၊ ဘုရားသခင်၏ကူညီစောင့် ရှောက် ခြင်းကျေးဇူးတော်ဖြင့် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့သည့် (၁၉၉၁)ခုနှစ်၊ (ဇန်နဝါရီ) လ(၁၅)မှ(၂၀၁၆)ခုနှစ်(ဇန်နဝါရီ)လ(၁၅)အထိ ဒုက္ခခက်ခဲ ပေါင်းမြောက်များစွာ ကျော်ဖြတ်နိုင်ခဲ့ခြင်းကြောင့် ဘုရားသခင်အား ကျေးဇူးတင်ခြင်းနှင့်ရှေ့ဆက် မည့်အနာဂါတ်ကို ဘုရားသခင် ဆက်လက်ပြီးကွယ်ကာစောင့်ရှောက်ပေးရန် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခြင်း (၂၅) နှစ် ပြည့် ငွေရတုဂျူဘီလီ ပွဲတော်ကြီး ကို ပြုလုပ်ကျင်းပခဲ့ကြောင်း သိရှိ ရပါသည်။ **(LSO-osc)**

# ဖေးမကူညီ၊ စာနာထောက်ထား ဝေဒနာရှင်များ




ရန်ကုန်တိုင်း ဂရုဏာလုပ်ငန်းမှူးဦးစီးဦးဆောင်၍ ကက်သလစ်ဘာသာဝင်များအနေဖြင့်HIV/HIDS ဝေဒရှင်များအပေါ် ဦးထားရှိသောအမြင်ခေါင်းစဉ်ဖြင့်

ဆွေးနွေး ပွဲကို ရန်ကုန်မြို့၌ နံနက်-၉ နာရီ မှ ညနေ-၅နာရီ ထိ (၅ - ၈.၁.၂၀၁၆) ထိ (၅)ရက်တိုင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို Msgr. Robert J Vitillo ဂျာနီဗာနိုင်ငံမှဦးဆောင်ဆွေးနွေးပေးခဲ့သည်။ ၅.၁.၂၀၁၆ တွင်မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ရုံးရန်ကုန် (CBCM) ၌ ဆရာတော် (၁၆)ပါး ဖြင့်တွေ့ဆုံဆွေးနွေးခြင်းကို လည်းကောင်း (၆-၇.၁.၂၀၁၆)တွင်ရန်ကုန်မြို့၊ လှည်းတန်းရှိ ဒိုင်းမွန်းကွန်ဒို ၌ M-CHAN (HIV/AIDS Networking) အဖွဲ့နှင့် ပူးပေါင်း၍ ဂရုဏာရုံး (၁၆)ရုံးမှ ဝန်ထမ်းများဖြင့် စုစုပေါင်း (၃၀) ယောက်ဖြင့် လည်းကောင်း ၊ (၈.၁.၂၀၁၆) နံနက်ပိုင်းတွင် UN Agenciesအဖွဲ့ဖြင့် စုစုပေါင်း (၁၀)ယောက်၊ ညနေပိုင်းတွင် 9 network အဖွဲ့ဖြင့်စုစုပေါင်း (၁၀) ယောက်ဖြင့် လည်းကောင်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်း ခဲ့ပါသည်။ (KMSS)

### ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ အိမ်ခြံမြေအပေါ်တွင် ကောက်ခံမည့်ဝင်ငွေခွန် ငါးဆခန့် မြင့်တက်မည်

(၂၀၁၆) ခုနှစ် ဧပြီလမှစ၍ အိမ်ခြံမြေပေါ်တွင် ကောက်ခံသည့်ဝင်ငွေခွန် အခွန်နှုန်းထားများကို ငါးဆခန့်တိုးမြှင့် ကောက်ခံသွားမည်ဟုတာချီလိတ်မြို့ ပြည်တွင်းအခွန်များဦးစီးဌာနမှသိရပါသည်။ဇန်နဝါရီလ(၁၅)ရက်တွင်ကျင်းပခဲ့သည့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ အခွန်အကောက် ဥပဒေကြမ်းတွင်ကျပ်သိန်း(၃၀၀)အထိ(၁၅)ရာခိုင်နှုန်းနှင့်ကျပ်သိန်း (၃၀၀) မှကျပ်သိန်း (၁၀၀၀)အထိကို (၂၀)ရာခိုင်နှုန်း ပေးဆောင် ရမည်ဖြစ်၍ ကျပ်သိန်း(၁၀၀၀)နှင့်အထက်ကို(၃၀)ရာခိုင်နှုန်းအထိ ပေးဆောင်ရမည်ဖြစ်ကြောင်း ထည့် သွင်း ဆွေးနွေးထားပါသည်။ အိမ်ခြံမြေပေါ်တွင်ကောက်ခံသည့် ဝင်ငွေခွန်မှာ(၂၀၁၆)ခုနှစ်ဧပြီ(၁)ရက်မှစတင် အသက်ဝင်မည် ဖြစ်ပြီး ၎င်းမတိုင်မီ အိမ်ခြံ မြေ ရောင်းဝယ်မှုများနှင့် ပတ်သက်၍ အခွန်ဌာနသို့ လာရောက်စုံစမ်းသင့် သည်ကို ပြည်တွင်း အခွန်များဦးစီးဌာနမှ သိရပါသည်။ (မြစ်မခ)

## ခွန်အားသစ်များဖွားပေးလိုက်ခြင်း (ပုသိမ်သာသနာ)



ပုသိမ်ဂိုဏ်းအုပ်သာသနာစိန်ဖရန်စစ်ဖေးဗီးယားသီလရှင်ဂိုဏ်း၏သုံးရက်တာ ပြန်လည်မွမ်းမံသင်တန်းကို မြန်မာနိုင်ငံတွင်ရှိသော သာသနာ အသီးသီး မှ စိန်ဖရန်စစ် စစ္စတာရ်များ (၁၆၀) ကျော်သည် (၂၀.၁.၂၀၁၆) တွင် မိခင်ဌာနေ ဖြစ်သော ပုသိမ်သာသနာသို့ ပြန်လည်ရောက်ရှိလာကြပါသည်။ (၂၁.၁.၂၀၁၆) ကြာသပတေးနေ့နံနက်(၈း၀၀)နာရီတွင်မွမ်းမံသင်တန်းကို ကျမ်းစာပလ္လင်တင် ခြင်းနှင့်အစပြုကာ ဖာသာရ်ဆိုင်းမွန်းလီ(SJ)မှဦးဆောင်ပို့ချခဲ့ပါသည်။ဤမွမ်းမံသင်တန်းတွင်ဖာသာရ်ဆိုင်းမွန်းလီမှ စစ္စတာရ်များအား ရဟန်းမင်းကြီး ဖရန်စစ်၏(ကမ႑မြေကြီးစိမ်းလန်းစိုပြေရမည်) စာအုပ်ကို ကိုးကားပြီးပထမဦးဆုံးမိမိကိုယ်မိမိပြန်လည်ကျေအေးခြင်း၊ လူသားတို့မှာ အပြစ်အနာအဆာရှိတယ်ဆိုတာလက်ခံတတ်ရမည်၊ လက်မခံတတ်ဘူးဆိုရင် မိမိကိုယ်မိမိနေထိုင်ရတာအဆင်ပြေမှာမဟုတ်ဘူး။ဒါကြောင့်ဒီအရာကိုဘုရားရဲ့ ကျေးဇူးတော်နှင့် လက်ခံ တတ်ရမည်ဖြစ်တယ်။

ဒုတိယအချက်အနေဖြင့် မိမိကိုယ်မိမိလက်ခံတတ်ပြီးဆိုရင် ကိုယ်နေထိုင်ရာ ပတ်ဝန်းကျင်၊ တစ်ပါးသူတွေနဲ့ သင့်မြတ်အောင်နေထိုင်ပြီး ပတ်ဝန်းကျင်နှင့် တစ်ပါးသူတွေနဲ့လည်း ပြန်လည်ကျေအေးရမှာဖြစ်တယ်။ မိမိကိုယ်မိမိ သင့်မြတ်အောင် မနေတတ်ဘူးဆိုရင် နေထိုင်ရာပတ်ဝန်းကျင်၊ တစ်ပါးသူတွေနှင့် ဘယ်လိုသင့်မြတ်မှာလဲ။ လူဆိုတာသဘာဝကိုလည်း ချစ်မြတ်နိုး ရမည်။ သဘာဝကိုချစ်မြတ်နိုးပြီဆိုရင် လောကမှာနေထိုင်ရတာအဆင်ပြေတယ်။ မိမိ ကိုယ်၊ မိမိရဲ့ပတ်ဝန်းကျင်၊ တစ်ပါးသူများနှင့် ဆက်ဆံရတာ အဆင်ပြေမည်ဖြစ်တယ်လို့ပို့ချဝေငှခဲ့ကြောင်း၊ထိုမွမ်းမံသင်တန်းတွင်ဖာသာရ်ဆိုင်းမွန်းလီမှသူ၏အတွေ့အကြုံများနှင့်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်၏ စာချွန်တော်ဖြစ်သော (ကမ႑မြေကြီးစိမ်းလန်းစိုပြေရမည်)စာအုပ်ကို သင်တန်းတက်ရောက်သည့် စိန်ဖရန်စစ်ဖေးဗီးယားသီလရှင်များအားလုံးကို ဝေငှပေးခဲ့ကြောင်းနှင့်ထိုမွမ်းမံသင်တန်းပြီးဆုံးသောအခါစစ္စတာရ်များအားလုံး(၇) ရက်တာ ဥပုတ်စောင့်ကြမည်ဖြစ်ကြောင်း ပုသိမ်(OSC) မှ သတင်းရ ရှိပါ သည်။

*(Pathein OSC)*

## လူငယ်တစ်ဦးအာဇာနည်အဖြစ်သတ်မှတ်ခံရ

ကချင်လူထုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အသက်စွန့် ဆက်ကပ်ခဲ့သော မောင်ဂျိုးဇက် လထော်တူးစိုင်၊ အသက်(၁၉)နှစ်ကို ကချင် မူးယစ်တိုက်ဖျက်ရေးအဖွဲ့နှင့်ကချင် လူထုအဖွဲ့အစည်းများမှ အာဇာနည်အဖြစ်သတ်မှတ်ခဲ့ကြသည်။ မြစ်ကြီးနား၊မိုးကောင်းတနိုင်းအပါအဝင် ကျေးရွာပေါင်း (၁၈)ခုမှ ကချင် မူးယစ်တိုက်ဖျက်ရေး အဖွဲ့ဝင်များအယောက်(၅၀၀)




ကျော်ပါဝင် ပြီး တရုန်ဒေသသို့ ဇန်နဝါရီ (၁၄) ရက်နေ့၊ မူးယစ် တိုက်ဖျက်ခရီးစဉ်အတွင်း ခြုံခိုပစ်သက်ခံရကာ ဦးခေါင်းနှင့် ပုခုံးတစ်ဖက်(ဘယ်) တွင် ဒဏ်ရာရပြီးအပြန်ခရီးတွင် အသက်ဆုံးသွားကြောင်း ကချင်နှစ်ခြင်း ခရစ်ယာန်ဓမ္မဆရာတစ်ဦးကပြောပါသည်။ ဂျိုးဇက်လထော်တူးစိုင်၏ရုပ်ကလပ်ကို တရုန်ဒေသမှဇာတိကျေးရွာဖြစ်သော မိုးကောင်းမြို့နယ်၊လဘန်ကျေးရွာအထိ ယာဉ်များဖြင့်သယ်ဆောင်လာချိန် ဒေသအသီးသီးမှ အသင်းတော်တိုင်း ဆုတောင်းပေးခြင်း၊အလှူငွေထည့်ဝင်ခြင်းဖြင့်ကူညီခဲ့ကြကြောင့်ကချင်လူထုမီဒီယာအဖွဲ့မှ သိရသည်။ သူ၏ ရုပကလပ်သဂြိုလ် ခြင်းကို ဇန်နဝါရီလ (၁၉) ရက်နေ့နံနက်(၁၀)နာရီတွင်တာဝန်ခံဘုန်းတော်ကြီး(မိုးကောင်း)နော်ဘောက် မှ မိဿာတရားတော်မြတ်ပူဇော်ပေးခဲ့ပြီးဘာသာပေါင်းစုံမှသီးသန့်ဆုတောင်း အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ကာ အသင်းတော် အသီးသီးမှ ဂုဏ်ပြု စာချွန်တော်များဖတ်ကြားခဲ့ပြီး မြစ်ကြီးနားသာသနာမှ ပေးပို့စာချွန်တော်ကို ဘုန်းတော်ကြီးဒေါက်တာ ဂေါ့လူယုံဂါမှ ဖတ်ကြားခဲ့သည်။ ကချင်လူထုအသီးသီးမှအာဇာနည်အား ဂုဏ်ပြုခြင်း အစီအစဉ်များကို ဆက်လက် ပြုလုပ်ခဲ့သည်။ ၄င်းဆုတောင်းပွဲသို့ ကချင်လူထုအယောက်(၂၀၀၀) ကျော် ပါဝင်ဂုဏ်ပြုခဲ့ ကြသည်။ သူသည် ကချင်လူမျိုးများ မူးယစ်နွယ်မှလွတ် မြောက်ရန်အသက်စွန့်သည်အထိ ဆက်ကပ်ခဲ့သောအာဇာနည်တစ်ဦးဖြစ်တယ်။ ပညာတတ်တစ်ဦး မဟုတ်သော်လည်းပညာတတ် လူငယ်တွေမပြုနိုင်သောမျိုးချစ် အလုပ်ကို သူလုပ်ဆောင်နိုင်ခဲ့တယ်။ ဒါကြောင့်ကချင် သမိုင်းမှာ မှတ်တမ်း တင်နေမှာပါ’ ဟုဓမ္မဆရာတစ်ဦးက ဂုဏ်ပြုပြောကြားခဲ့သည်။ မောင်ဂျိုးဇက်လထော်တူးစိုင် သည် အဖဦး မိုက်ကယ် လထော်နော်တောင် နှင့် အမိ ဒေါ်မော်နီကား အင်ခွန်လုမိုင်တို့မှ ၁၉၉၇ ခုနှစ်၊ဇွန်လ (၂၅)ရက် နေ့တွင် မွေးဖွားခဲ့ပြီး ဆေးကြောခြင်းစက္ကရမင်းတူးကို ဖာသာရ် ဖရန်စစ် ဂျွန်ဂမ်ဆိုင်းမှ ခံယူခဲ့သည်။ မွေးချင်း (၅)ဦး ရှိကြောင်းသိရသည်။

ကချင်လူထု မူးယစ် တိုက်ဖျက်ရေး အဖွဲ့ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး (ဧပြီ)လ(၂၅)ရက်နေ့ကိုကချင်လူထုမူးယစ်တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၄င်းအဖွဲ့မှာအသင်းတော်အသီးသီးပါဝင်ကာ ကချင်ဒေသအတွင်း မူးယစ်ပပျောက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။

(MKN-osc)

## မန္တလေးကက်သလစ်သာသနာမှ
## ဘုန်းတော်ကြီးများ၏နှစ်ပတ်လည်ဝတ်စောင့်ပွဲ




မန္တလေးကက်သလစ်သာသနာမှ ဘုန်းတော်ကြီးများသည်(၁၈-၁-၂၀၁၆)မှ (၂၂-၁-၂၀၁၆) အထိ နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို မန္တလေးမြို့ ရွှေနှလုံးတော် ကာဒီဒယ်ကျောင်းတော်တွင် ပြုလုပ်ခဲ့သည်။ ဟောပြောပို့ချသူမှာ ဂိုဏ်းချုပ်ဆရာတော်နီကောလပ်စ်မန်းထန်ဖြစ်ပြီး ဓာတ်ကြီးလေးပါး၊ မြန်မာ့ယဉ်ကျေးမှု နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်၏ စာချွန်တော် Laudato Si တို့ကိုအခြေခံ၍ဟောပြောပို့ချတရားပေးခဲ့ပါသည်။ ထူးခြားချက် မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအခြေခံ၍ ဂိညာဉ်ရေးကို မီးမောင်း ထိုး ပြသွားချက်ပင်ဖြစ်သည်။ (MDY-osc)

## မုံရွာဖုံ CRMdyမှ
## ဂိုဏ်ပေါင်းစုံသူတော်စင်များအသင်းဖွဲ့စည်းခြင်း



မုံရွာဖုံတွင် CRMdyမှ ဂိုဏ်ပေါင်းစုံသူတော်စင်များအသင်းဖွဲ့စည်းခြင်းတွင် နဘတ်ရွာမှစိန်ဂျိုးဇက်သီလရှင်တစ်ပါးချောင်းဦးမှ စိန်အလွိုက်ရှက်သီလရှင်၂ပါး မုံရွာမှသီလရှင်၃ပါးနဲ့အတူ မန္တလေးမှ CRMdy ဥက္ကဌ Fr.မျိုးခင်နှင့် ဂိုဏ်းပေါင်းစုံသီလရှင်၈ပါး စုစုပေါင်း ၁၄ပါးတို့သည် မုံရွာမြို့ Charityသီလရှင်ကျောင်းတွင်အစည်းအဝေးပြုလုပ်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင်မန္တလေးဂိုဏ်ချုပ်ဆရာတော်ကြီး၏ရည်ရွယ်ချက်ဖြစ်သောကလေး သူငယ်များအားဘုရားစကားသင်ကြားပေးခြင်းနှင့်လူမှုရေးလုပ်ငန်း များကို သူတော်စင်များမှ ဦးဆောင်လုပ်ဆောင်ပေးကြဖို့ အတွက်ကို အဓိက ဆွေးနွေးခဲ့ကြပါသည်။သူတော်စင်များအနေနဲ့အတူတကွ(၂)လတစ်ကြိမ် ဆေးရုံများ၊ထောင်နှင့်မိဘမဲ့ကျောင်းများသို့ သွားရောက်ကာ ဝိညာဉ်ပိုင်း ကာယပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများပြုလုပ်ပေးသွားကြမည်ဖြစ်သည်။ထို့အပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီသက်ထွေးသင်တန်းပြုလုပ်မည့် အစီစဉ်များကိုလည်းအသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ မုံရွာဖုံသူတော်စင်များ အသင်းတွင် Charity ဂိုဏ်းမှ ဥက္ကဌ စိန်ဂျိုးဇက်သီလရှင်များမှ အတွင်းရေးမှူး နှင့် အလွိုက်ရှက် Srများမှ ဘဏ္ဍာရေးမှူးအဖြစ် အသီးသီး တာဝန်ယူသွားကြမည်ဖြစ်ပါသည်။ (ဖြူနှင်း)

## မုံရွာဖုံ CRMdyမှ
## ဂိုဏ်ပေါင်းစုံသူတော်စင်များအသင်းဖွဲ့စည်းခြင်း

တတိယအကြိမ် ဟားခါးသာသနာလုံးဆိုင်ရာ ဘဏ္ဍာရေးအစည်းအဝေးကို ၂၀၁၆ခုနှစ်ဇန္နဝါရီလ (၂၀နှင့်၂၁)ရက်နေ့များတွင် ဟားခါးမြို့ရှိ ဆရာတော်ကျောင်းတိုက်တွင် (၂)ရက်တိုင်တိုင်ပြုလုပ်ခဲ့ပါ သည်။ အစည်းအဝေးသို့ ဟားခါးသာသနာဆရာတော် Lucius Hre Kung ကိုယ်တိုင် ဦးဆောင် ပြီး မွန်ဆီညော် Jerome HlawnKhawlနှင့်တကွ ဖုံနယ်မှူးများ၊ ဘဏ္ဍာရေးဘုန်းတော်ကြီးများ၊ဘာသာတူ(၂)ဦးအပါအဝင်စုံစုံလင်လင်တက်ရောက် ကြပါသည်။ အစည်းအဝေးသို့တက်ရောက်လာကြသော ဘုန်းတော်ကြီးများသည် ဆရာတော်နှင့်အတူ မစ္ဆားပူဇော်ခြင်း၊ ဝတ်စောင့်ခြင်း၊ အစည်းအဝေးကျင်းပခြင်းများပြုလုပ်ကြပါသည်။ဖုံနယ်အသီးသီးမှဘာသာတူများ(၂၀၁၅)ခုနှစ်အတွင်း ခံစားခဲ့သောကျေးဇူးတော်ထဲမှဆယ်ဖို့တစ်ဖို့ အလှူငွေများကို စုစည်း ရေတွက်ခဲ့ရာ ယခင်နှစ်ထက်ကျပ်သိန်းတစ်ရာကျော် တိုးတက်လာကြောင်းတွေ့ရှိရသဖြင့်လွန်စွာဘုရားသခင်အားချီးမွမ်းကြပါသည်။ အစည်းအဝေးတွင်ညောင်လေးပင်ဘုရားဖူးရန်အတွက်ဖုံနယ်အသီးသီးမှဓမ္မဆရာနှစ်ဦးစီ စေလွှတ်ရန်၊ မင်းတပ်ဖုံနယ်မှဓမ္မဆရာများကို ဘုန်းတော်ကြီး Joseph Phe Ling Layကရင်းဟားခါး၊ ရေဇွာ၊ ချောင်းခွနှင့်ဖလမ်းဖုံနယ်မှ ဓမ္မဆရာများအား ဟားခါးစိန်ဂျိုးဇက်ကက်သီဒြယ်ကျောင်းထိုင် ဘုန်းတော်ကြီး John Om Se ကရင်း အသီးသီးဦးဆောင်ကြမည်ဖြစ်ကြောင်း၊ ဟားခါးသာသနာအတွက် သနားခြင်းဂရုဏာဂျူဘီလီနှပ်၏ ဘုရားဖူးကျောင်းတော်များကို စိန်ဂျိုးဇက်ကက်သီဒြယ်ဘုရားကျောင်း၊ ဟားခါးမြို့နှင့် ရွှေနှလုံးတော်ဘုရားကျောင်း၊ မင်းတပ်မြို့တို့ကို သတ်မှတ်ခဲ့ကြပါသည်။ အစည်းအဝေးကို(၂၁)ရက် (ဇန္နဝါရီ)လတွင် သန့်ရှင်းသောဂိညာဉ်တော်ဘုရား ပါဝင်ဦးဆောင်မှုကြောင့်ညနေပိုင်းတွင် ချောမောစွာပြီးဆုံးခဲ့ ပါသည်။

*(Fr. David KhinHmung -ဘဏ္ဍာရေးအတွင်းရေးမှူး)*

## (၁၀၅) နှစ်ပြည့်မွေးနေ့ရှင်
## Sr. Pachael Sfx



သီလရှင်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ်၊ မြစ်ကလေးကျောင်းစုရွာနေ အဖဦးပြေကြီး အမိ ဒေါ်မူကာတို့မှ ၂၄.၁.၁၉၁၁ ခုနှစ်တွင် မွေးဖွား သန့်စင်ခဲ့ပါသည်။ မွေးချင်းမောင်နှမ(၉)ယောက်အနက်ဆဋ္ဌမမြောက်သမီးရတနာဖြစ်ပါသည်။ (၁၈) နှစ်အရွယ်တွင် ပုသိမ်မြို့ သီလရှင်ကျောင်းသို့ ဝင်ရောက်ခဲ့ပြီး (၂၃)နှစ်တွင်သီလရှင်ဖြစ်ခဲ့သည်။ တာဝန်ထမ်းဆောင်ခဲ့သောသာသနာနယ်များမှာ ဇောင်းတန်း ၁၅ နှစ်၊ ပုသိမ် ၂ နှစ်၊ မြိတ် ၄ နှစ်၊ ကျိုင်းတုံ ၃၅ နှစ်၊ နှင့် အင်းစိန်တွင် ၄ နှစ် စုစုပေါင်း နှစ်ပေါင်း (၆၀) တိုင် သာသနာ တာဝန်များထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ယခုသီလရှင်ကြီးသည်ပုသိမ်မြို့၊မင်းကြီးလမ်းရှိ သီလရှင်များနားနေဆောင်တွင် သီတင်းသုံးလျှက် ရှိပြီး ဝါတော် (၈၂) ဝါ၊ သက်တော်(၁၀၅)နှစ်ပြည့်ပြီဖြစ်ပါကြောင်းနှင့် ယခုလို အသက်ရှည်ရခြင်း မှာလည်း စိတ်ရှည်ခြင်း၊သည်းခံခြင်း၊ခွင့်လွှတ်ခြင်းတရားများအမြဲစောင့်ထိမ်းခြင်းကြောင့်ဖြစ်သည်ဟု မြွက်ကြား ခဲ့ပါသည်။(Cyril Win Maung FB))

## မောင်းသူမဲ့လေယာဉ်များ တရားဝင်မှတ်ပုံတင်ရေး ဇန်နဝါရီလကုန် စတင်မည်

မောင်းသူမဲ့လေယာဉ် (Drone)များကိုစနစ်တကျ တရားဝင်မှတ်ပုံတင်ပြုလုပ်ရန် စိစစ်သည်ကို (ဇန်နဝါရီ)လ နောက်ဆုံးပတ်တွင် စတင်မည်ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှသိရပါသည်။

မောင်းသူမဲ့ လေယာဉ်များကို ထိန်းချုပ်နိုင်စေရန်အမိန့်ထုတ်ပြန်ချက်မှု ကြမ်းကိုကာကွယ်ရေးဝန်ကြီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန၊စီးပွားကူးသန်း၊သိပ္ပံနည်းပညာဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများသို့ဖြန့်ဝေထားပြီးဝန်ကြီးဌာနများမှ(ဇန်နဝါရီ)လ(၂၆)ရက်အထိကန့်ကွက်သည့်သဘောထားမှတ်ချက် မရှိလျှင်အတည်ပြုမည်ဟုသိရပါသည်။

ယခုအမိန့်ထုတ်ပြန်ချက်၏အားသာချက်မှာလွှတ်တော်သို့တက်စရာမလိုဘဲနှင့် ပြောင်းလွယ် ပြင်လွယ်ဖြစ်ရန် ထိန်းချုပ်ကာလေကြောင်းညွှန်ချုပ်မှ လိုအပ်သည်များကိုပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်ရှိသည်ဟု လေကြောင်းညွှန်ကြားမှု ဦးစီးဌာနမှညွှန်ကြားရေးမှူးဦးမင်းလွင်ကပြောပါသည်။

မောင်းသူမဲ့လေယာဉ်များကိုဓါတ်ပုံ၊ဗွီဒီယိုရိုက်ကူးရေးလုပ်ငန်း သုတေသနလုပ်ငန်းများ လူထုအကျိုးပြုလုပ်ငန်းများ၌ အသုံးပြုနိုင်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ၌လည်း အသုံးပြုလာ နိုင်သောကြောင့် လုပ်ထုံး လုပ်နည်းများဖြင့်ထိန်းချုပ်မည်ဟု လေကြောင်းညွှန်ကြားမှု ဦးစီးဌာန မှ သိရသည်။

မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များကို အလေးချိန်နှင့် စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ အတန်းအစားခွဲခြားမှု၊ ထိန်းချုပ်မောင်းနှင်သူကို စိစစ်မှု၊ စီးပွားရေးလုပ်ငန်းအသုံးပြုခွင့်လတ်မှတ်ထုတ်ပေးမှုများကို ဆောင်ရွက်ပေးသွားမည် ဟုသိရပါသည်။ ( မြစ်မခ)

## ရန်ကုန်တက္ကသိုလ်တွင် ပထမဦးဆုံးအကြိမ် ကင်းထောက် သင်တန်း ဖွင့်လှစ်

ရန်ကုန်တက္ကသိုလ်မှာ မဦးဆုံးအကြိမ် ကင်းထောက်သင်တန်းကို ဇန်နဝါရီလ (၂၂)ရက်ကနေဇန်နဝါရီလ(၂၄)ရက်နေ့အထိဖွင့်လှစ်နေပါတယ်။ကလေးများအားလုံးအများပြည်သူကို ကူညီချင်တဲ့ စိတ်ဖြစ်ပေါ်လာအောင် ကင်းထောက်သင်တန်းကို ဖွင့်လှစ်ရတာဖြစ်တယ်လို့လည်း ရန်ကုန်တက္ကသိုလ် ယာယီကင်းထောက်ကော်မတီ ဥက္ကဋ္ဌဒေါက်တာအုန်းသွင်ကပြောပါတယ်။ သင်တန်းမှာ ရှေ့ဦးသူနာပြုနည်းများ ချက်ပြုတ်နည်းများ၊ အိမ်ထောင်ထိန်း သိမ်းနည်းများ၊လက်မှုပညာများကို သင်ကြားပေးသွားမည်ဖြစ်ပြီး မတ်လထဲ တွင်လည်း တစ်နိုင်ငံလုံးက ကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံရန်ရှိသည်ဟု ရပါတယ်။

ယခုအချိန်၌မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့က ဖေဖော်ဝါရီလထဲတွင် ဂျပန်နိုင်ငံနှင့်ပူးပေါင်းကာကင်းထောက်သင်တန်းဖွင့်လှစ်ရန်လည်းစီစဉ်နေပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် ကင်းထောက်အဖွဲ့ဝင်ပေါင်း (၅၀၀၀၀)ကျော်ရှိနေပြီးမြန်မာနိုင်ငံသည်လည်းကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်နေပါတယ်။မြန်မာနိုင်ငံတွင်ကင်းထောက်အဖွဲ့ကို(၁၉၁၆)ခုနှစ်က စတင်တည်ထောင်ကာ(၁၉၄၆)ခုနှစ်တွင်ပြန်လည်ရပ်ဆိုင်းခဲ့၍(၂၀၁၂)ခုနှစ်ဒီဇင်ဘာလတွင် ကင်းထောက်အဖွဲ့ကို ပြန်လည် ဖွဲ့စည်းခဲ့ ခြင်း ဖြစ်ပါသည်။ (မြစ်မခ)

## ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဖြစ်သည့် ပုဂံအကနှင့် အပျိုတော်အကကို အနုပညာရှင်များမှ လွတ်လပ်စွာ အသုံးပြုနိုင်မည်

တစ်တိုင်းတစ်ပြည်လုံး၌ရှိသည့် အနုပညာရှင်များအနေနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏မူဖြစ်သော ပုဂံအကနှင့်အပျိုတော် အကကိုလွတ်လပ်စွာ အသုံးပြုနိုင်သည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှပြောဆိုလိုက်ပါသည်။

ယခုကဲ့သို့ အသုံးပြုခွင့်ရရှိစေရန်အတွက် ပုဂံအကနှင့် အပျိုတော်အကကို ကနည်းကဟန်မူများ၊ ဝတ်စားဆင်ယင်မှုမူများ၊ တီးလုံးတေးသွားနှင့် တီးချက်များကိုယဉ်ကျေးမှုအနုပညာတက္ကသိုလ်များ၊ အနုပညာအထက်တန်းကျောင်းများ၊ ပြင်ပအနုပညာအဖွဲ့အစည်းများနှင့်အနုပညာအဖွဲ့အစည်းများကို ဖြန့်ဝေနေသည်ဟုသိရပါသည်။ပုဂံအကသည်(၂၀၀၇) ခုနှစ်မှစ၍ ပုဂံဘုရားများတွင်ရှိသည့် နံရံဆေးရေး ပန်းချီများမှ ကကွက်များကို စနစ်တကျ သရုပ်ဖော်ခဲ့သကဲ့သို့ ကျောက်စာ အထောက်အထားများအရ တွေ့ရသည့် တူရိယာ (၂၁)မျိုးမှထုတ်နုတ်ပြီးစောင်း၊ ခရုသင်း၊မောင်း၊ပုံစသည့်တူရိယာ ပစ္စည်းများနှင့် တီးမှုတ်ထားသည်ကိုလည်း သိရပါသည်။ အပျိုတော်အကကို (၁၉၆၃) ခုနှစ်တွင်အကပညာရှင်ကြီးများ၏ ကနည်း ကဟန်မူများအတိုင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းခဲ့သည် ကိုလည်း ဇန်နဝါရီ(၁၉)ရက်နေ့၌ ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံတွင် တင်ဆက် ပြသခဲ့ပါသည်။ (မြစ်မခ)

## သူငယ်တန်း သင်ရိုးညွှန်းတမ်းအသစ် သင်ကြားရန် ဆရာ၊ ဆရာမ ကိုးသောင်းခွဲခန့် သင်တန်းပေးမည်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်မည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကိုသင်ကြားနိုင်စေရန် ဇန်နဝါရီ(၂၉)ရက်မှ မေလထိ ဆရာ၊ ဆရာမကိုးသောင်းခွဲခန့်ကို သင်တန်းများပေးသွားမည်ဟုဆရာ အတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှသိရပါသည်။ ယခုပေးမည့်သင်တန်းတွင်မြန်မာတစ်နိုင်ငံလုံးတွင်ရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ပုဂ္ဂလိကစာသင်ကျောင်းများတွင်သင်ကြားနေသည့်ဆရာ၊ဆရာမအားလုံးကို သင်တန်း ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

သင်ရိုးညွှန်းတမ်းအသစ်အောင်မြင်ရန်မအောင်မြင်ရန်အတွက် သင်ကြားမည့် ဆရာ၊ဆရာမများအပေါ်တွင်မူတည်သည်ဟုသိရပါသည်။သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကိုနိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီပြင်ဆင်ရေးဆွဲထားမည်ဖြစ်ပြီး သင်ကြားမှုနည်းစနစ်မှာ ကလေးများလက်တွေ့ပါဝင်ရမည့်စနစ်မျိုးရေးဆွဲထားသည်ဟု သိရပါသည်။ (မြစ်မခ)

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ်ပေါင်း (၁၁၀)ပြည့်

မြန်မာနိုင်ငံမှာ(၁၉၀၁)ခုနှစ်က စတင်တည်ဆောက်ခဲ့သည့်ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည်(၂၀၁၆)၊ဇန်နဝါရီလ(၂၅)ရက်နေ့တွင်နှစ်ပေါင်း တစ်ရာတစ်ဆယ့်ပြည့်ပါမည်။ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို စတင်တည်ဆောက်စဉ်က ပြည်သူလူထု၏ ထည့်ဝင်ငွေ ကျပ်(နှစ်သိန်းလေးသောင်း)ဖြင့် ခြုံမျေားဖုံးလွှမ်းနေသည့် ယခုလက်ရှိ ကန်တော်ပတ်လမ်းနေရာတွင် ငါးနှစ်ကြာဆောက်လုပ်ခဲ့ရပါသည်။

ယခုနှစ်(၁၁၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၃)ရက်နေမှ(၂၅)ရက်နေ့အထိ ပျော် ပွဲ ရွှင်ပွဲ များဖျော်ဖြေပေးနေပါသည်။ ထိုအထိမ်းအမှတ်ပွဲ သုံးရက်တွင် မျက်လှည့်ဖြေဖျော်မှု၊ တိရစ္ဆာန်အလိမ္မာလေးများ၏ ကကွက်ဆန်းများနှင့် တေးသီချင်းသီဆိုဖြေဖျော်မှုများကိုပြုလုပ်ပေးနေပါသည်။ တိရိစ္ဆာန်ဥယျာဉ်တွင်ယခုအခါနို့တိုက်သတ္တဝါ (၄၅) မျိုး၊ ကျေးငှက် အမျိုး(၇၀)၊ တွားသွား သတ္တဝါ (၁၈) မျိုးရှိကာစုစုပေါင်းအကောင်အရေအတွက်(၁၃၉၈)ကောင်ရှိနေသည်ဟုရန်ကုန်တိရစ္ဆာန်အုပ်ချုပ်ရေးအဖွဲ့ကပြောပါသည်။ စုစုပေါင်း(၅၇)ဧကကျော် ကျယ်ဝန်းသည့်ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင်ဝန်ထမ်းပေါင်း(၁၁၅) ယောက်၊ ဆရာဝန်(၃) ယောက် ထိန်းသိမ်းဆောင်ရွက်နေကြပါတယ်။ (မြစ်မခ)

## ဘာသာတရားအချင်းချင်းငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆွေးနွေးပွဲ

ဘာသာတရားအချင်းချင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆွေးနွေးပွဲကို ငြိမ်းချမ်းရေးနှင့်ပဋိပက္ခပညာပေးဌာန ချူလာလောင်ကောင်းတက္ကသိုလ်၊ ဘန်ကောက်တွင်(၈-၁၁/၁၊၂၀၁၆)ရက်နေ့အထိ ကျင်းပပြုလုပ် ခဲ့သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုပူးပေါင်းလုပ်ဆောင်တတ်ရန်အတွက် ဘာသာတစ်ခုချင်းစီနှင့် ဘာသာအချင်းချင်းကြားတွင် နားလည်မှုနှင့် ငြိမ်းချမ်းရေးမည်သို့တည်ဆောက်ရမည်ကိုဆွေးနွေးခြင်း၊ ၉၊၁၊၂၀၁၆ နေ့တွင်အယုဒ္ဓယမြို့သို့သွား၍ဘာသာအချင်းချင်းသင့်မြတ်မှုနားလည်မှုရယူရန် အတွက် ဗုဒ္ဓဘာသာ နှင့်မူဆလင်ကျောင်းများ၌ သွားရောက်ဆွေးနွေးခြင်း၊ (၁၀၊၁၊၂၀၁၆)နေ့တွင်ပဋိပက္ခဖြစ်ရသည့်အကြောင်းရင်းများကိုဆွေးနွေးခြင်းနှင့်(၁၁၊၁၊၂၀၁၆) နေ့တွင်ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို နိုင်ငံအလိုက်ဆွေးနွေးကြပြီး နောက်(၃)လပြည့်နေ့တွင်ယခုလက်ရှိ ကာလအတွင်းလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ နှင့်နောက်ဆက်လက်လုပ် ဆောင်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတွင်လာရောက်ဆွေးနွေးရန်ဆုံးဖြတ်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲကိုချူလာလောင်ကောင်းတက္ကသိုလ်၏ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခပညာပေးဌာန၊ သိရိလင်္ကာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့်ပြန်လည်ကျေးအေးရေးဗဟိုဌာန၊ အမေရိကန်နိုင်ငံဟားဘက်၏ ဓမ္မကျောင်းနှင့် နိုင်ငံတကာ ဗုဒ္ဓဘာသာ ကွန်ယက်တို့မှပူးပေါင်း ဦးဆောင်မှုပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲသို့ မြန်မာ ၊ထိုင်း၊ သိရိလင်္ကာ၊ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့မှ (၃၀) ဦးတက်ရောက်ခဲ့သည့်အနက် မြန်မာနိုင်ငံမှ ဟိန္ဒူ(၁)ဦး၊ မူဆလင်(၁)ဦး၊ ဗုဒ္ဓ(၂)ဦး၊ ခရစ်ယာန်(၂)ဦးနှင့် ကက်သလစ်ခရစ်ယာန်ဘာသာမှ ဖာသာရ်သောမတ်စ်(CBCM-JP)တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (CBCM-JP)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုနေပြည်တော်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC 2) တွင် (၁၂-၁၆/၁.၂၀၁၆)ရက်ထိ ကျင်းပပြုလုပ်ခဲ့ရာတွင် ဖာသာရ်သောမတ်စ်(CBCM-JP)မှ အရပ်ဘက်အဖွဲ့အစည်းဖြစ်သော (CSFOP) ဘက်မှ လေ့လာသူအနေနှင့်တက်ရောက် ခဲ့ပါသည်။

ပထမနေ့ရက်တွင် နိုင်ငံတော် သမ္မတကြီးမှမိန့်ခွန်းပြောကြားရာတွင် အဓိကအချက်အနေနှင့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနှင့် ညှိနှိုင်းဖြေရှင်းရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ထူထောင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ကိုပြောကြားခဲ့ကြောင်းသိရ၍ (၁၂-၁၅/၁၊၂၀၁၆)နေ့အထိအစုအဖွဲ့ကိုယ်စားလှယ်များမှ (၁)နိုင်ငံရေးကိစ္စရပ်များ၊ (၂)လူမှုရေးကိစ္စရပ်များ၊ (၃)စီးပွားရေးကိစ္စရပ်များ၊ (၄)လုံခြုံရေးကိစ္စရပ်များ၊ (၅)မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများဆွေးနွေးမှုအစုအဖွဲ့များဟူ၍ ကဏ္ဍ(၅)ရပ်ခွဲကာ ဆွေးနွေးခဲ့ကြကြောင်းသိရပါသည်။ (၁၃၊၁၊၂၀၁၆) နေ့တွင် အစုအဖွဲ့များ၏ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုချက်များစုပေါင်းကာစာတမ်းတစ်ဆောင်အဖြစ်ရေးသားပြုစုခဲ့ပါသည်။ ငြိမ်းချမ်းရေးညီလာခံကို အဖွဲ့အစည်း(၇)ဖွဲ့ မှကိုယ်စားလှယ်ပေါင်း(၇၀၀)ပါဝင်တက်ရောက်ဆွေးနွေးပြီးလေ့လာသူ (၅၀) ဦးကိုတက်ရောက်ခွင့်ပြုသော်လည်းပါဝင်ဆွေးနွေးခွင့် မရကြောင်းသိရပါသည်။

၎င်းအစုအဖွဲ့(၇)ဖွဲ့မှာ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့၊နိုင်ငံရေးပါတီများအစုအဖွဲ့၊ပါဝင်သင့်ပါဝင်ထိုက် သူများအစုအဖွဲ့တို့ဖြစ်ကြပါသည်။ နောက်ဆုံးနေ့တွင် ပထမ အကြိမ်ပြည် ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာအခြေခံမူဘောင်ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဌနိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းထံပေးအပ်နိုင်ခဲ့ကြောင်းသိရ သည်။(CBCM-JP)

## အဆုံးတိုင်တည်ကြည်ခဲ့လေသူ (ကျိုင်းတုံသာသနာ)



ကျိုင်းတုံသာသနာပိုင်ရဟန်းတစ်ပါးဖြစ်သောဖာသာရ်တာရ်ချီးရှိုTarcisio သည် (၁၉.၀၁.၂၀၁၆) ရက်နေ့ည(၁၁း၀၀)နာရီတွင်၊ပိုင်းဂန်းဆုတောင်းပေးနေကြသောသူများအလယ်၌၊ ဘုရားသခင်၏ ပြန်လည်ခေါ်ဆောင်ခြင်းကိုခံယူသွားခဲ့ပါသည်။ မီးစာကုန်၊ဆီခန်းသည့်တိုင်ဘုရားသခင်၏အမှုတော်ကိုတည်ကြည်စွာထမ်းဆောင်ခဲ့သောဘုရား သခင်၏ငယ်သားကောင်းရဟန်းတစ်ပါးဖြစ်ပါသည်။ ဖာသာရ်တာရ်ချီးရှို၏မွေးသက္ကရာဇ်မှာ(၇၊၈၊၁၉၄၁)ဖြစ်၍ (၁၅၊၄၊၁၉၇၉)တွင်ရဟန်းသိက္ခာခံယူခဲ့သည့်။ ဘုရားအမှုတော်ထမ်းဆောင်ခဲ့သည့်နေရာများ အောက်ပါအတိုင်းဖြစ်သည်။

ဖာသာရ်တာရ်ချီးရှိုသည် ရဟန်းဘဝကိုမခံယူမီ၊ စိန်ဂျိုးဇက်ဘာရာသာရ်ကိုခံယူကာ၊ လွိုင်ကော်သာသနာတွင်ဘုရားမှုတော်ကိုထမ်းဆောင်ခဲ့ပါသည်။ရဟန်းသိက္ခာကိုခံယူပြီးသည်နောက်မိုင်းဖြတ်နာအုပ်စုတွင်လည်းကောင်း၊ အီတလီနိုင်ငံ၊ရောမမြို့သို့ပညာတော်သင်ကြားခြင်း၊ကျိုင်းတုံသာသနာအခြေခံရဟန်းဖြစ်သင်ကျောင်း၏ကျောင်းအုပ်အဖြစ်နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်၌စာချဘုန်းတော်ကြီးအဖြစ်နှစ်ကြိမ်တာဝနထမ်းဆောင်ခဲ့ခြင်း၊ မိုင်းဆတ်သာသနာအုပ်စု၏ကျောင်းထိုင်အဖြစ် လည်းကောင်း၊ မိုင်းဖြတ်သာသနာအုပ်စု၏ကျောင်းထိုင်အဖြစ်လည်းကောင်း၊ကျိုင်းတုံသာသနာအုပ်စု၏ကျောင်းထိုင်အဖြစ်လည်းကောင်းဘုရား၏အမှုတော်ကိုထမ်းဆောင်ခဲ့ပါသည်။ ကျိုင်းတုံသာသနာ အုပ်စု၏ကျောင်းထိုင်အဖြစ်အမှုတော်ထမ်းဆောင်နေစဉ် ကျန်းမာရေးချို့ယွင်းလာခြင်းကြောင့်၊ ကျောင်းထိုင်တာဝန်ကိုဦးဆောင်ခြင်းမှရပ်နားပြီး၊ မိမိတတ် နိုင်သည့်သာသနာ့လုပ်ငန်းစဉ်များ၌စိတ်ပါကိုယ်ရောက်လုပ်ဆောင်ပေးခဲ့ကာ ဘုရားသခင်အားအရိုးကျေကျေ အရည်ခန်းခန်း၊ ရိုးမြေခသည်အထိ သိစွာ တည် ကြည်ခဲ့ပါသည်။ထို့ကြောင့်ကျိုင်းတုံသာသနာအနေဖြင့် ဖာသာရ်တာရ်ချီးရှိုပေးဆပ်ခဲ့သောရက်ရောမှုများအတွက်ကျေးဇူးမှတ်တင်ရင်း၊ဂမ်းနည်းရပါကြောင်း၊ သို့သော်ဘုရားသခင်၏စီမံချက်ကို လွန်ဆန်မရသောကြောင့် တရားဖြင့်ဖြေကာ သူ၏ဂိညာဉ် ထားဝရချမ်းသာ ခံစားရပါစေကြောင်း ပိုင်းဂန်း ဆုတောင်း ပေးကြပါ" ဟုဘုန်တော်ကြီ Clemente မှ သတင်းရရှိပါသည်။ .. ***(ကိုပိုက်)***

**CBCM Herald စာစောင်ကိုလစဉ် ၁၅ နှင့် ၃၀ ရက်နေ့တို့တွင်ထုတ်ဝေသည်။ တစ်စောင်ကို (၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့်မှာယူနိုင်ပါပြီ။**


ArchBp. A. U Than Aung (1977-1980)


ArchBp. P Grawng (1981-1984)


Bp. Isaac Da Nu(1984-2000)


Bp. Peter Hla (2001- 2014)


Peter Louis Ca ku (2014- ).





Fr. Stephen U Cho (1985 – 1989)


Fr. Mahn Thakhklein (1989 - 2000)


Fr. Martin Aye Ngwe (2001 - 2004)


Fr. Htay lwin (2005-2010)




**အာရှသမ္မာတရားလေးလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီ ဖမ်းယူနားထောင်နိုင်ပါပြီ**




**သင်၏လက်ကိုင်ဖုန်းထဲသို့ RVA အစီအစဉ်များ အဆင့်ဆင့်ထည့်သွင်းခြင်းဖြင့် လွယ်ကူစွာ နားဆင်နိုင်ပါပြီ**




**http://myanmar.rveritas-asia.org/** **အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့**